# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

သင်ခန်းစာ လေး

ပဋိညာဉ် မောင်းနှင်အားများ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံး၀ဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ပဋိညာဉ်စံနှုန်းများ ........ 1

ပဋိညာဉ်ဖွဲ့စည်းပုံများ ........ 2

ပရောဖက်ပြုချက်ဆိုင်ရာအမှုတော် ........ 7

ပဋိညာဉ်တရားစီရင်ခြင်း ........ 8

တရားစီရင်ခြင်းအမျိုးအစားများ ........ 9

သဘာဝတရား၌စီရင်ခြင်း ........ 9

စစ်ပွဲ၌စီရင်ခြင်း ........ 10

တရားစီရင်ခြင်းလုပ်ငန်းစဉ် ........ 11

ဘုရားသခင်၏စိတ်ရှည်သည်းခံခြင်း ........ 11

ပို၍ပြင်းထန်လာခြင်း ........ 12

အထွတ်အထိပ် ........ 13

ပဋိညာဉ်ကောင်းချီးမင်္ဂလာများ ........ 15

ကောင်းချီးမင်္ဂလာအမျိုးအစားများ ........ 15

သဘာဝတရား၌ကောင်းချီးမင်္ဂလာပေးခြင်း ........ 15

စစ်ပွဲတွင်ကောင်းချီးမင်္ဂလာများ ........ 16

ကောင်းချီးမင်္ဂလာပေးခြင်း လုပ်ငန်းစဉ် ........ 18

ကျေးဇူးတော် ........ 18

အတိုင်းအတာများ ........ 18

အထွတ်အထိပ် ........ 19

နိဂုံး ........ 21





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

လူသားတို့၏ဆက်ဆံရေး၌ အတက်အကျရှိသည်ကို သင်သတိထားမိပါသလား။ မိတ်ဆွေဖွဲ့မှုသည် တစ်ခါတစ်ရံတွင်ပျော်စရာကောင်းပြီး အချို့အချိန်များတွင် ပျော်စရာမကောင်းပါ။ ၎င်းသည် တစ်ခါတစ်ရံတွင်လုံခြုံပြီး အချို့အချိန်များတွင် မလုံခြုံပါ။ ဓမ္မဟောင်းကျမ်း၏ပရောဖက်များသည် မိမိလူမျိုးနှင့် ဘုရားသခင့်ပဋိညာဉ်၏တမန်တော်များဖြစ်ကြောင်း ယခင်သင်ခန်းစာများတွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပြီး၊ ဤတမန်တော်ဆိုင်ရာလုပ်ဆောင်မှုကို နားလည်ရန် ဣသရေလနှင့် ဘုရားသခင်ကြား ဆက်ဆံရေးတွင် အတက်အကျရှိကြောင်း ပရောဖက်များကနားလည်ကြသည်ကို ကျွန်ုပ်တို့သဘောပေါက်ရန်လိုအပ်သည်။

ဤသင်ခန်းစာကို "ပဋိညာဉ်မောင်းနှင်အားများ" ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာ၌ မတူညီသောခေါင်းစဉ်သုံးခုကို လေ့လာပါမည်_ ပထမဦးစွာ၊ ပဋိညာဉ်စံနှုန်းများကို လေ့လာပါမည်။ ဒုတိယ၊ ပဋိညာဉ်တရားစီရင်ခြင်းကို ဆန်းစစ်ပါမည်—လူတို့သည် ဘုရားသခင်၏တရားစီရင်ခြင်း အောက်တွင် ကျရောက်သောအခါတွင် ပရောဖက်များသည် ဘုရားသခင်၏ကိုယ်စား မည်ကဲ့သို့ အမှုဆောင်ခဲ့ကြသနည်း။ တတိယ၊ ပဋိညာဉ်ကောင်းချီးမင်္ဂလာများကို ရှာဖွေပါမည်— မိမိလူမျိုးအား ဘုရားသခင်ပေးသော ကောင်းချီးမင်္ဂလာများအကြောင်း ပရောဖက်များသည်မည်သို့ ပြောဆိုခဲ့ကြသနည်း။ ပဋိညာဉ်မောင်းနှင်အားများကို ဆုပ်ကိုင်ထားခြင်းသည် ဓမ္မဟောင်းပရောဖက်ပြုချက်နှင့် ယနေ့ အသင်းတော်နှင့်လောကအပေါ် ၎င်းသည် မည်သို့သက်ဆိုင်သည်ကို နားလည်ရန် ကူညီပေးပါလိမ့်မည်။ ယေဟောဝါနှင့်အတူရှိသော ပဋိညာဉ်အသက်တာ၏ အခြေခံစံနှုန်းကား အဘယ်နည်း။

# ပဋိညာဉ်စံနှုန်းများ

သတို့သားနှင့်သတို့သမီး တစ်ဦးနှင့်တစ်ဦးအံ့သြဖွယ်အရာကိုပြောသော မင်္ဂလာဆောင်ကို သင် တက်ရောက်ဖူးပါသလား။ "ဖျားနာသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ အတူရှိနေပါမည်"ဟူသည့် သတို့သမီးနှင့်သတို့သားသည် စံနှုန်းထက်နည်းသော ကတိကဝတ်များဖြင့် ထိမ်းမြားလက်ထပ်သည်ကို ကြားရသည်မှာ ထူးဆန်းသည်မဟုတ်ပါလော။ ယောက်ျားကမိန်းမကို "သင့်ကို ကျွန်ုပ်၏ဇနီးမယားအဖြစ် ထိမ်းမြားယူသော်လည်း၊ သင်ဖျားသောအခါ ဤထိမ်းမြားခြင်းကို ဆက်ထိန်းထားရန် ခက်ခဲမည်ဖြစ်သည်" ဟုပြောသည်ကို ကြားယောင်ကြည့်မိပါသလား။ သို့မဟုတ် "သင့်ကို ကျွန်ုပ်၏ခင်ပွန်းအဖြစ်ထိမ်းမြားပါမည်၊ သို့သော် သင်သည် ကျွန်ုပ်တို့ကို မဆင်းရဲစေနှင့်" ဟုယောက်ျားကိုပြောသော အမျိုးသမီးကို စိတ်ကူးကြည့်မိပါသလား။ ကျွန်ုပ်တို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိမ်းမြားခြင်း၏အစသည် စံနှုန်းများတွင်အာရုံစိုက်ရန် မျှော်လင့်ထားသောကြောင့် မင်္ဂလာဆောင်သော နေ့၌ မင်္ဂလာမောင်နှံတစ်ဦးနှင့်တစ်ဦး အဘယ်ကြောင့်ဤသို့ပြောကြသည်ကို ကျွန်ုပ်တို့အံ့သြမိပေမည်။ ၎င်းသည် အသစ်သောဆက်ဆံရေးတစ်ခုဖြစ်သည်။ ဤအချိန်သည် အရာရာတိုင်း၎င်းတို့ဖြစ်သင့်ဖြစ် ထိုက်သည့်အတိုင်း ဖြစ်သင့်သည့် အခိုက်အတန့်ပင်ဖြစ်သည်။ ဇနီးမောင်နှံသည် ဆက်ဆံရေးကစံနှုန်း ဖြစ်သောအခါ နှစ်ယောက်သား တစ်ဦးနှင့်တစ်ဦး ပြောခဲ့သောစကားများကို မှတ်မိကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဓမ္မဟောင်းကျမ်း၏ပရောဖက်များသည် ဘုရားသခင်နှင့် ကိုယ်တော်၏လူတို့ကြားဆက်ဆံရေး နှင့်ပတ်သက်၍ ဤအရာသည် မှန်ကန်ကြောင်းကို သိထားကြသည်။ ဘုရားသခင်နှင့်ဣသရေလတို့ကြား ပဋိညာဉ်ဆက်ဆံရေးဆိုင်ရာ စံနှုန်းအချို့ရှိကြောင်း သူတို့နားလည်ကြသည်။ ယခု ဤစံနှုန်းဆက်ဆံရေး ကိုနားလည်ရန် အကြောင်းအရာနှစ်ခုဖြစ်သည့် ပထမ၊ အခြေခံစံနှုန်းပဋိညာဉ်ဖွဲ့စည်းပုံများနှင့် ဒုတိယ အချက်မှာ ပရောဖက်ပြုချက်ဆိုင်ရာအမှုတော်လုပ်ငန်းများ သို့မဟုတ် ပရောဖက်များသည် ဤဖွဲ့စည်းပုံ များအပေါ် မည်သို့မှီခိုအားထားခဲ့ကြသနည်းကို ကြည့်ရပါမည်။ ။

## ပဋိညာဉ်ဖွဲ့စည်းပုံများ

အစောပိုင်းသင်ခန်းစာများတွင်၊ ဓမ္မဟောင်းကျမ်းသည် ဣသရေလနှင့် ယေဟောဝါ၏ပဋိညာဉ် များကို ရှေးခေတ်အရှေ့တိုင်းရှိ သခင်-အစေခံသဘောတူစာချုပ်များအလား ပုံဖော်ထားကြောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည်။ ဓမ္မဟောင်းကာလတွင်၊ ကြီးမြတ်သောဧကရာဇ်များသည် လူမျိုးငယ်များနှင့် သဘောတူညီချက်များ သို့မဟုတ် ပဋိညာဉ်များပြုကြပြီး၊ ယေဟောဝါသည်လည်း ဣသရေလလူမျိုးနှင့် ယင်းသို့သောပဋိညာဉ်ကို ပြုခဲ့ကြောင်း သမ္မာကျမ်းစာကဆိုသည်။ ဧကရာဇ်များသည် ၎င်းတို့၏ လက်အောက်ခံလူမျိုးများနှင့် ပဋိညာဉ်စာချုပ်များ ပြုသောအခါတွင်၊ ၎င်းတို့၏ နိုင်ငံရေးအစီအစဉ်များ ၏အခြေခံဖွဲ့စည်းပုံများဆိုင်ရာစံနှုန်းအချို့ကို စတင်ကြေညာခြင်းဖြင့် ပြုကြသည်။

သခင်-အစေခံသဘောတူစာချုပ်များတွင် အနည်းဆုံး အစိတ်အပိုင်းနှစ်ခု အမြဲတွေ့ရသည်။ ပထမတွင်၊ ရှေးခေတ်အရှေ့တိုင်းစာချုပ်များသည် ကျေးကျွန်များအပေါ်ထားရှိသော ဧကရာဇ်မင်းမြတ် ၏ကောင်းမြတ်မှုကို အမြဲအခြေပြုသည်။ သူတို့သည် ဘုရင်ကြီး၏အမည်ကို ကြေငြာပြီး သူ့လူမျိုး အတွက် ဘုရင်ကြီးမှလုပ်ဆောင်ပေးခဲ့သော ကြီးကျယ်ခမ်းနားသည့်အရာများအားရေတွက်သည့် သမိုင်းမှတ်တမ်းတစ်ခုဖြင့် စတင်သည်။ သဘောတူစာချုပ်များသည် ဧကရာဇ်မင်းမြတ်၏ ကြင်နာမှု အပေါ်တွင် အမြဲအခြေခံထားပြီး၊ ဧကရာဇ်မင်းမြတ်ထံမှ ကြင်နာမှုဆိုင်ရာ ဤအကြောင်းအရာသည် သမ္မာကျမ်းစာ၏ ပဋိညာဉ်စံနှုန်းတွင်လည်း မှန်ကန်ပါသည်။ သမ္မာကျမ်းစာပါ ဘုရားသခင့်ပဋိညာဉ်တိုင်း ၏ဗဟိုချက်မှာ မိမိလူမျိုးအပေါ်ထားသော ဘုရားသခင်၏ကရုဏာတော် ဖြစ်သည်။

ပဋိညာဉ်များဆိုင်ရာစံနှုန်းများတွင် ကျွန်ုပ်တို့မည်သည့်အခါမှမမေ့သင့်သော အခြားအကြောင်း အရာတစ်ခု ရှိသည်၊ ၎င်းသည် လူ့တာဝန်၏အစိတ်အပိုင်းဖြစ်သည်။ ရှေးခေတ်ရှိ သခင်- အစေခံသဘောတူစာချုပ်တိုင်းသည် ဧကရာဇ်မင်းမြတ်၏လက်အောက်ခံများထံမှ သစ္စာစောင့်သိမှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လိုအပ်သကဲ့သို့၊ ဓမ္မဟောင်း၌ပါသော ပဋိညာဉ်တိုင်းသည်လည်း ဘုရားသခင်၏လူတို့ထံမှ သစ္စာစောင့် သိမှုလိုအပ်ပါသည်။ သစ္စာစောင့်သိမှုအားတုံ့ပြန်မှုသည် ဘုရားသခင်၏ကရုဏာတော်ကို အစဉ်အမြဲ တုံ့ပြန်ခြင်းဖြစ်ကြောင်းကျွန်ုပ်တို့ အမြဲသတိရနေရမည်ဖြစ်သည်—လူတို့သည် ဘုရားသခင့်ရှေ့တော်၌ ၎င်းတို့၏အဆင့်အတန်းကို မရရှိခဲ့ကြပါ။ ဘုရားသခင်သည် သူ၏ကျေးဇူးတော်အပေါ်အခြေခံ၍ သူ၏ လူများနှင့် ပဋိညာဉ်များကိုဖွဲ့တော်မူခဲ့သည်။ သို့သော် ခြွင်းချက်မရှိ၊ ပဋိညာဉ်၏စီံနှုန်းများတွင် လူသား၏ တာဝန်အမြဲအကျုံးဝင်သည်—ဘုရားသခင်ရှေ့တွင် သစ္စာရှိစွာအသက်ရှင်နေထိုင်ခြင်းဖြစ်သည်။

ဤအချိန်တွင်၊ ဓမ္မဟောင်းပဋိညာဉ်တိုင်း၌ ဤစီံနှုန်းအစိတ်အပိုင်းတစ်ခုစီသည် မည်သို့မည်ပုံ ပါဝင်လာသည်ကို ကျွန်ုပ်တို့စဉ်းစားရန်လိုအပ်သည်။ ယခင်သင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့် အတိုင်း၊ ဘုရားသခင်သည် ပဋိညာဉ်တရားဆက်ဆံရေးငါးခုထဲသို့ ဝင်ရောက်ခဲ့ကြောင်း ဓမ္မဟောင်း ပရောဖက်များက နားလည်ခဲ့ကြသည်။ ကိုယ်တော်သည် အာဒံနှင့်နောတို့အားဖြင့် မြေကြီးပေါ် ရှိ လူမျိုးအပေါင်းတို့နှင့် ပဋိညာဉ်ဖွဲ့တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်သည်အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်တို့ နှင့်ပြုသော ပဋိညာဉ်များအားဖြင့် ဣသရေလတို့နှင့်အထူးဆက်ဆံရေးဖွဲ့ကာ၊ ကျွန်ခံပြီးနောက်ကာလ တွင်လည်း အနာဂတ်ပဋိညာဉ်သစ်တစ်ခု ပြုခဲ့သည်။

အာဒံနှင့်ပြုသောပဋိညာဉ်အကြောင်း ခဏလောက် စဉ်းစားကြည့်ပါ။ အာဒံလက်ထက်တွင်၊ ဘုရားသခင်၏ကရုဏာတော်သည် လူသားတို့အတွက် ကမ္ဘာကြီးကိုဖန်ဆင်းပုံတွင် ပြသခဲ့သည်။ ကိုယ်တော်သည် သက်ရှိများမနေထိုင်သော၊ ဖရိုဖရဲဖြစ်နေသောအခြေအနေမှ၊ လူသားများနေထိုင်နိုင် မည့် အံ့ဖွယ်ဥယျာဉ်တစ်ခုအဖြစ် ဖန်ဆင်းခဲ့သည်။ ကမ္ဘာဦးကျမ်း ၁း၂ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ–

> မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏ (ကမ္ဘာဦး ၁:၂)။

ထို့နောက် ဘုရားသခင်သည် သူ၏ပုံသဏ္ဌာန်အတွက် ပရဒိသုတစ်ခုကိုဖန်ဆင်းပြီး အာဒံနှင့်ဧဝကို ထိုပရဒိသုအတွင်း နေရာချခဲ့သည်။ ဤကရုဏာသည် ကျွန်ုပ်တို့၏ပထမမိဘများဖြစ်သော အာဒံနှင့်ဧဝ တို့နှင့်ပြုသောပဋိညာဉ်အပေါ် အခြေခံသည်။ တစ်ချိန်တည်းမှာပင် အာဒံနှင့်ပြုသော ပဋိညာဉ်စီံနှုန်းများ တွင်လည်း လူသားတို့၏တာဝန်သည် လိုအပ်ပါသည်။ ဘုရားသခင်သည် အာဒံအား ဧဒင်ဥယျာဉ်တွင် ထားတော်မူသော်လည်း၊ လေးနက်သောသတိမှတ်ချက်များကို ချက်ချင်းထုတ်ပြန်ခဲ့သည်။ ကမ္ဘာဦး ၂:၁၆-၁၇ တွင် ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ ဖတ်ရသည်–

> ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကားမစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏ (ကမ္ဘာ ၂:၁၆-၁၇)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပရဒိသုတွင်ပင်၊ ပဋိညာဉ်စံနှုန်းသည် ဘုရားသခင်၏ကြင်နာမှုသာမက လူသားမျိုးနွယ်၏တာဝန်လည်း ပါဝင်သည်။

နောနှင့်ပြုသောပဋိညာဉ်သည်လည်း အလားတူပင်ဖြစ်သည်။ တစ်ဖက်တွင်၊ ဘုရားသခင်သည် နောနှင့် သူ၏မိသားစုအား ကမ္ဘာချီရေလွှမ်းမိုးမှုမှ ကရုဏာဖြင့် ကယ်တင်ခဲ့သည်။ ကမ္ဘာဦးကျမ်း ၆:၇-၈ တွင်ဖော်ပြထားသည့်အတိုင်း–

> ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသော လူကိုလည်းကောင်း၊ မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။...နောမူကား၊ ထာဝရဘုရားစိတ်တော်နှင့်တွေ့သောသူ ဖြစ်သတည်း (ကမ္ဘာဦး ၆း၇-၈)။

နောနှင့်ပြုသောပဋိညာဉ်သည် အရည်အချင်းအပေါ်အခြေပြုခြင်းမရှိ၊ ဘုရားသခင်၏ကရုဏာ အပေါ် အခြေခံထားသည်။ မည်သို့ပင်ဆိုစေကာမူ၊ နောနှင့် ဘုရားသခင်ဖွဲ့ထားသော ပဋိညာဉ်သည် လူသားတို့၏တာဝန်နှင့်အတူ ဘုရားသခင်၏ကရုဏာနှင့် ကြင်နာမှုတို့ ပါဝင်သည်။ ရေလွှမ်းမိုးပြီးနောက် နောသည် သင်္ဘောမှထွက်လာသောအခါ၊ ဘုရားသခင်သည် တိကျပြတ်သားသော သတ်မှတ်ချက်များ ကို ချမှတ်ခဲ့သည်။ ကမ္ဘာဦး ၉:၇ တွင်၊ ဘုရားသခင်သည် နောအား သူ၏အခြေခံလူ့တာဝန်ကို ပြန်လည် သတိပေးခဲ့သည်။

> သင်တို့သည် သားကိုဖွား၍ များပြားကြလော့။ မြေပေါ်မှာ အလွန်မွေးဖွား၍ များပြားကြလော့ဟု မိန့်တော်မူ၏ (ကမ္ဘာဦး ၉း၇)။

နောနှင့်ပြုသော ပဋိညာဉ်တွင် ဘုရားသခင်၏ကရုဏာနှင့် လူ့တာဝန်နှစ်ခုစလုံးကို တွေ့ရသည်။

ယခု ဣသရေလလူမျိုးနှင့်ဘုရားသခင်ဖွဲ့ဆိုထားသော အထူးပဋိညာဉ်များကို ခဏမျှကြည့်ကြပါစို့။ ဣသရေလူမျိုးနှင့်ပြုသော ပထမပဋိညာဉ်သည် ဘိုးဘေးအာဗြဟံအားဖြင့်ဖြစ်ကြောင်း သင်မှတ်မိပါလိမ့်မည်။ မြေကြီးပေါ် ရှိ လူမျိုးအားလုံးထက် ကောင်းချီးမင်္ဂလာခံစားရရန် ဤလူမျိုးတစ်ခုကို ဘုရားသခင်ရွေးချယ်ထားသောကြောင့် ဤပဋိညာဉ်တွင် ဘုရားသခင်၏ကျေးဇူးတော်သည် ပေါ်လွင်ပါသည်။ ကမ္ဘာဦး ၁၂:၂-၃ တွင် အာဗြဟံအား ဤနှုတ်ကပတ်တော်များပြောသောအခါ ဘုရားသခင်သည် ကြီးစွာသောကရုဏာကိုပြတော်မူသည်–

> ငါသည် သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏ နာမကို ကြီးမြတ်စေမည်။ သင်သည် ကောင်းချီးခံရသောသူ ဖြစ်လိမ့်မည်။ သင့်ကို ကောင်းချီးပေးသောသူကို ငါကောင်းချီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည် (ကမ္ဘာ ၁၂း၂-၃)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တစ်ဖန်၊ ဘုရားသခင်၏ကျေးဇူးတော်သည် ပဋိညာဉ်စံနှုန်းတွင် အဓိကအချက်ဖြစ်သည်။ မည်သို့ ပင်ဆိုစေကာမူ၊ လူသား၏တာဝန်သည် အာဗြဟံ၏ပဋိညာဉ်စံနှုန်း၏ အဓိကအစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ဘိုးဘေး၏တာဝန်သည် အချိန်အခါများစွာတွင် ရှေ့သို့ရောက်လာသည်။ ဥပမာ၊ ကမ္ဘာဦး ၁၇:၁-၂ တွင် ဘုရားသခင်က ဤသို့မိန့်တော်မူသည်_

> ငါသည် အနန္တ တန်ခိုးရှင် ဘုရားသခင် ဖြစ်၏။ ငါ့ရှေ့မှာ သွားလာ၍ စုံလင်ခြင်း ရှိလော့။ ငါ၏ပဋိညာဉ်ကို သင်နှင့်ငါပြုမည်။ သင့်ကိုငါ အလွန်များပြားစေမည် (ကမ္ဘာ ၁၇း၁-၂)။

အာဗြဟံ၏ပဋိညာဉ်တွင် လူသား၏တာဝန်ပါရှိသည်။

မောရှေနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်နှင့်ပတ်သက်လာသောအခါ ယနေ့ခရစ်ယာန်များစွာ သည် မှားယွင်းသောအထင်အမြင်ရှိကြသည်။ ဤပဋိညာဉ်သည် လုပ်ဆောင်မှုများကို ဗဟိုပြုသည်ဟု သူတို့ယုံကြည်ကြသော်လည်း ထိုသို့မဟုတ်ပေ။ ထို့ပြင် ရှေးခေတ်အရှေ့တိုင်းသဘောတူစာချုပ်များ၏ စကားချီးများကဲ့သို့ ပညတ်တော်ဆယ်ပါးသည်လည်း သမိုင်းဆိုင်ရာစကားချီးဖြင့် အစပြုသည့်အချက်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ မည်သည့် ပညတ်တော်များကိုမျှ မပေးမီ၊ ထွက်မြောက်ရာကျမ်း ၂၀:၂ တွင် ဤနုတ်ကပတ်တော်များကိုကျွန်ုပ်တို့ ဖတ်ရပါသည်_

> ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ ဘုရားသခင် ဖြစ်၏ (ထွက်မြောက် ၂၀း၂)။

ဘုရားသခင်သည် သူ၏လူများကို နာခံရန်မျှော်လင့်ခဲ့သော်လည်း၊ ကရုဏာတော်ကြောင့် သူတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ခဲ့သည်။ မောရှေနှင့်ပြုသော ပဋိညာဉ်တွင် လူ့တာဝန်၏အခြား တစ်ဖက်အပိုင်းကိုလည်း တွေ့ရပါသည်။ ထွက်မြောက်ရာ ၁၉:၅ တွင် ဤနုတ်ကပတ်တော်ကို ဣသရေလလူမျိုးအား မိန့်တော်မူသည်_

> ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်ကြလျှင် အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော် ဖြစ်ရကြလိမ့်မည် (ထွက်မြောက် ၁၉း၅)။

မောရှေနှင့်ပြုသော ပဋိညာဉ်၏ စံနှုန်းအဆင့်တွင် ဘုရားသခင်၏ကျေးဇူးတော်သည် လူ့တာဝန် နှင့်ပေါင်းစပ်ထားသည်။

ယခု၊ ဒါဝိဒ်နှင့်ပြုသော တော်ဝင်ပဋိညာဉ်သည် ဘုရားသခင်၏ကရုဏာတော်ကို အထူးပြုသည်။ ဘုရားသခင်သည် ဒါဝိဒ်အား ၂ ဓမ္မရာဇဝင် ၇:၈ တွင် ဤနည်းဖြင့် မိန့်တော်မူခဲ့သည်_

> သိုးထိန်းရာသိုးခြံထဲက သင့်ကိုငါနုတ်ယူ၍၊ ငါ၏လူ ဣသရေလလူမျိုးသားတို့ကို အုပ်စိုးသောမင်းအရာ၌ ငါခန့်ထားပြီ (၂ ဓမ္မရာဇဝင် ၇:၈)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် ဒါဝိဒ်၌တွေ့မြင်ရသော အရည်အချင်းအချို့ကြောင့် သူ၏လူများအပေါ် အမြဲတမ်းမင်းဆက်အဖြစ် ဒါဝိဒ်၏မိသားစုကိုရွေးချယ်ခဲ့သည်မဟုတ်၊ ချစ်ခြင်းမေတ္တာဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့အား ကရုဏာရှိသောကြောင့် ဒါဝိဒ်မင်းဆက်ကို တည်ထောင်ခဲ့သည်။ တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် လူသား၏သစ္စာစောင့်သိမှုအားတောင်းဆိုခြင်းနှင့်အတူ ဒါဝိဒ်အား ဤကျေးဇူးတော်ကိုပြသခဲ့သည်။ ဆာလံ ၈၉:၃၀-၃၂ တွင် သစ္စာစောင့်သိမှု၏လိုအပ်ချက်များအားတောင်းဆိုပုံကို နားထောင်ပါ_

> သူ[ဒါဝိဒ်]၏သားမြေးတို့သည် ငါ့တရားကိုစွန့်ပယ်၍၊ ငါ၏စီရင်ချက်တို့ကိုမကျင့်၊ ငါ၏အထုံးအဖွဲ့တို့ကို ရှုတ်ချ၍၊ ငါ၏ပညတ်တို့ကို မစောင့်ဘဲနေလျှင်၊ ငါသည် သူတို့ပြစ်မှားသောကြောင့်၊ ကြိမ်လုံးနှင့်ဆုံးမ၍ ဒဏ်ချက်တို့နှင့်ဒုစရိုက်အတိုင်း အပြစ်ပေးမည် (ဆာလံ ၈၉:၃၀-၃၂)။

ဒါဝိဒ်၏သားတို့သည် သူတို့အားပြတော်မူသော ကျေးဇူးတော်ကို အသိအမှတ်ပြု၍ ကိုယ်တော်အားသစ္စာရှိရန် ဘုရားသခင်သည်မျှော်လင့်တော်မူခဲ့သည်။

ပဋိညာဉ်စံနှုန်း၏နှစ်ဖက်စလုံးသည် မေရှိယအားဖြင့် ရောက်ရှိလာလိမ့်မည်ဟု ပရောဖက်များကြိုတင်ဟောပြောထားသည့် ပဋိညာဉ်သစ်တွင်လည်း တွေ့ရသည်။ ၎င်းကို တမန်တော်ပေါလုသည် ဧဖက် ၂:၈-၁၀ တွင် အတိုချုပ်၍ဖော်ပြထားသည်_

> ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း (ဧဖက် ၂း၈-၉)။

ကျေးဇူးတော်သည် ခရစ်တော်၌ရှိသော ပဋိညာဉ်၏အခြေခံဖြစ်သည်။ ယခုမူကား၊ အခန်းငယ် ၁၀ တွင်ပါရှိသော နုတ်ကပတ်တော်များကို နားထောင်ပါ_

> အဘယ်ကြောင့်နည်း ဟူမူကား ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ (ဧဖက် ၂း၁၀)။

ပဋိညာဉ်စံနှုန်းသစ်တွင် ကောင်းသောအကျင့်များလုပ်ဆောင်ရန် လူ့တာဝန်လည်း ပါဝင်သည်။

ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဒုတိယအကြောင်းအရာကို အာရုံစိုက်သင့်သည်– ပရောဖက်များသည် ဤပဋိညာဉ်ဖွဲ့စည်းပုံများကို မည်သို့မှီခိုအားထားသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပရောဖက်ပြုချက်ဆိုင်ရာ အမှုတော်

တစ်ဖက်တွင်၊ ပရောဖက်များသည် သူတို့အားထာဝရဘုရားပြတော်မူခဲ့သော ကရုဏာတော်အကြောင်း ဘုရားသခင်၏လူများကို အစဉ်သတိပေးခဲ့သည်။ သို့သော် တစ်ချိန်တည်းတွင်၊ ဓမ္မဟောင်းပရောဖက်များသည် ပဋိညာဉ်၌ရှိသော လူ့တာဝန်အပေါ် များစွာအာရုံစိုက်ခဲ့ကြသည်။ လူများထံချဉ်းကပ်ရန်နှင့် သစ္စာစောင့်သိရန်လိုအပ်ကြောင်းကို လူတို့အားသတိပေးရန် ဘုရားသခင်သည်သူတို့ကို ခေါ်ခဲ့သည်။ မြင်နိုင်သောဣသရေလအသိုက်အဝန်းအတွင်း ယုံကြည်သူများနှင့် မယုံကြည်သူများရှိကြောင်း ပရောဖက်များကသိရှိကြောင်းကို ကျွန်ုပ်တို့အစဉ်အမှတ်ရရမည်ဖြစ်သည်။ ထို့အတွက်ကြောင့်၊ သူတို့သည် ပဋိညာဉ်တွင်ရှိသော လူသား၏တာဝန်ကိုစမ်းသပ်ခြင်း သို့မဟုတ် သက်သေပြခြင်းအဖြစ် သဘောထားကြသည်။ ပဋိညာဉ်၏သတ်မှတ်ချက်များအပေါ် လူများ၏ တုံ့ပြန်မှုသည် ၎င်းတို့၏ စိတ်သဘောအစစ်အမှန်ကို ပြသသည်။

တစ်ဖက်တွင်၊ မြင်နိုင်သောအသိုက်အဝန်းအတွင်းရှိ မယုံကြည်သူများသည် ၎င်းတို့၏ပဋိညာဉ်တာဝန်များမှ စွန့်သွားသောကြောင့် ၎င်းတို့သည် ကယ်တင်သောယုံကြည်ခြင်း အမှန်တကယ်မရှိခဲ့ကြောင်း ပြသသည်။ သူတို့သည် ကယ်တင်ခြင်းအတွက် ထာဝရဘုရားကို ယုံကြည်ကိုးစားရန်ပျက်ကွက်ခဲ့ကြပြီး၊ သစ္စာစောင့်သိရန်လည်း ငြင်းဆိုခဲ့ကြသည်။ အဆိုပါ ထင်ရှားသောပဋိညာဉ်ကိုချိုးဖောက်သူများသည် ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။ တစ်ဖက်တွင်၊ လူ့တာဝန်၏စမ်းသပ်မှုသည် မမြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းအတွင်း အမှန်တကယ်ရှိသူများကိုလည်းဖော်ထုတ်ပြသသည်။ ယခု၊ ဤသူတို့သည် ထာဝရရွေးနုတ်ခြင်းခံကြရသူများပင်ဖြစ်သည်။ သူတို့သည်ကယ်တင်သောယုံကြည်ခြင်းကို ထာဝရဘုရားတွင်ကျင့်သုံးခဲ့ကြပြီး၊ သူတို့သည် ထာဝရအသက်ရရန်လမ်းခရီးတွင် ရှိနေကြသည်။ သို့သော် ဓမ္မသစ်ကျမ်းကဲ့သို့ပင်၊ ဤလူများအား ၎င်းတို့၏ယုံကြည်ခြင်းကိုသက်သေပြရန် ပရောဖက်များသည် ကြိမ်ဖန်များစွာ နိုးဆော်ခဲ့ကြသည်။ ဗျာဒိတ်ကျမ်း ၂:၇ မှ နုတ်ကပတ်တော်များကို နားထောင်ပါ_

> ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို၊ နားရှိသောသူမည်သည်ကားကြားပါစေ။ အကြင်သူသည် အောင်မြင်၏။ ထိုသူသည်ငါ၏ဘုရားသခင် ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေခြင်းငှာအခွင့်ပေးမည် (ဗျာဒိတ် ၂း၇)။

ကျွန်ုပ်တို့၌ စစ်မှန်သော ကယ်တင်သည့်ယုံကြည်ခြင်းရှိကြောင်း သက်သေပြရန်အတွက် ကျွန်ုပ်တို့သည် သခင်ဘုရားကိုနာခံရမည်ဟူသော ဤအကြောင်းအရာမျိုးသည် ပရောဖက်များအားလုံးတွင်လည်းရှိနေသည့် အကြောင်းအရာတစ်ခုဖြစ်သည်။

ပရောဖက်များသည် လူသား၏တာဝန်ကို အလေးပေးသောကြောင့် တရားရေးဝါဒီများဟု မယူဆမိရန် ယခုကျွန်ုပ်တို့သတိထားရမည်ဖြစ်သည်။ အမှန်တကယ်တွင်၊ နာခံမှုနှင့် သစ္စာရှိမှုတိုင်း၏နောက်ကွယ်တွင် ဘုရားသခင်၏ကျေးဇူးတော်ရှိကြောင်း ပရောဖက်များက နားလည်ကြသည်။ ၎င်းကို

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏သွန်သင်မှုများအားဖြင့် သိရှိခြင်းဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် လူတို့သည် သခင်ဘုရားအပေါ် သစ္စာစောင့်သိသောအခါတိုင်း၊ သခင်ဘုရား၏ဝိညာဉ်တော်သည် သူတို့အတွင်း၌ လုပ်ဆောင်နေသောကြောင့်ဖြစ်သည်။ သို့သော် တစ်ချိန်တည်းတွင်၊ နာခံရန်ကျွန်ုပ်တို့၏တာဝန်ကို သမ္မာကျမ်းစာကအမြဲသတိပေးသည်။ နာခံမှုတိုင်း၏နောက်ကွယ်တွင် ဘုရားသခင်၏ကျေးဇူးတော်ရှိကြောင်း ပရောဖက်များသိသောကြောင့်၊ သူတို့သည် ဘုရားသခင်၏လူများကို နာခံမှုနှင့် သစ္စာရှိဖို့ဟောပြောရန် တုံ့ဆိုင်းမနေကြပေ။

ယခုအချိန်အထိ ပဋိညာဉ်မောင်းနှင်အားများကိုစစ်ဆေးခြင်းတွင်၊ ပဋိညာဉ်စံနှုန်း၏နှစ်ဖက်စလုံးကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဒုတိယအကြောင်းအရာဖြစ်သည့် ပဋိညာဉ်တရားစီရင်ခြင်းကို အာရုံစိုက်သင့်သည်။ ဘုရားသခင်၏လူတို့သည် သခင်ဘုရားထံတော်၌ အမှုတော်ဆောင်ခြင်းမှ ထွက်သွားသောအခါ ပဋိညာဉ်အသက်တာ မောင်းနှင်အားများကား အဘယ်နည်း။

# ပဋိညာဉ်တရားစီရင်ခြင်း

ကမ္ဘာတစ်ဝှမ်းတွင် လူ့အုပ်ချုပ်မှုပုံစံများစွာရှိသည်။ သို့သော် လူသားအစိုးရတစ်ခုစီတိုင်းတွင် တူညီသည့်အချက်တစ်ချက်ရှိသည်_နိုင်ငံသူနိုင်ငံသားများသည် ၎င်းတို့၏ဥပဒေအားလုံးကို နာခံမည်မဟုတ်ကြောင်း ၎င်းတို့အားလုံးအသိအမှတ်ပြုကြပြီး၊ ရလဒ်အနေဖြင့် ရာဇဝတ်မှုနှင့် ပြစ်ဒဏ်ပေးသည့်စနစ်ကို ဖွဲ့စည်းကြသည်။ ဤလောကနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်သည်လည်း အလားတူပင်ဖြစ်သည်။ ကိုယ်တော်၏လူတို့သည် အပြစ်သားဖြစ်ကြောင်းကို ကိုယ်တော်သိတော်မူသည်။ သူတို့သည် ပုန်ကန်လိမ့်မည်ကို ကိုယ်တော်သိတော်မူသောကြောင့်၊ ကိုယ်တော်၏လူများအပေါ် တရားစီရင်ခြင်းစနစ်ကိုလည်း ချမှတ်ခဲ့သည်။ ပရောဖက်များသည် ဤတရားစီရင်ခြင်းစနစ်တွင် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သူတို့သည် ပဋိညာဉ်၏တမန်များဖြစ်ကြသည်။ သူတို့သည် ရာဇဝတ်မှုများကို သတိရစေကြပြီး၊ ကိုယ်တော်၏ပဋိညာဉ်ကိုဖောက်ဖျက်ပါက မိမိလူမျိုးအားဘုရားသခင်ပေးမည့်ပြစ်ဒဏ်များအကြောင်းကိုလည်း သတိပေးခဲ့သည်။ ယခုတွင်၊ ပရောဖက်များသည် တရားစီရင်ရေးတမန်များအဖြစ် မည်သို့လုပ်ဆောင်ခဲ့သည်ကို ကျွန်ုပ်တို့နားလည်ရန်အတွက်၊ ဘုရားသခင်သည် မိမိလူတို့အပေါ် ကျင့်သုံးသော ပဋိညာဉ်တရားစီရင်ခြင်း၏ အစိတ်အပိုင်းနှစ်ခုကို ကျွန်ုပ်တို့နားလည်ရန်လိုအပ်သည်။ ပထမ၊ ပရောဖက်များကြေညာခဲ့သော စီရင်ခြင်းအမျိုးအစားများကို ကျွန်ုပ်တို့လေ့လာမည်ဖြစ်ပြီး၊ ဒုတိယ၊ စီရင်မည့်လုပ်ငန်းစဉ်ကို လေ့လာပါမည်။ ဓမ္မဟောင်းပရောဖက်များသည် ယေဟောဝါနှင့်ပြုသော ၎င်းတို့၏ပဋိညာဉ်ကို ထင်ရှားစွာချိုးဖောက်သူများကို သတိပေးသည့် စီရင်ခြင်းအမျိုးအစားများကို ဦးစွာကြည့်ရှုကြပါစို့။

# တရားစီရင်ခြင်းအမျိုးအစားများ

ဓမ္မဟောင်းပရောဖက်များသည် ၎င်းတို့သတိပေးသည့် တရားစီရင်ခြင်းအမျိုးအစားများကို မတီထွင်ခဲ့ကြကြောင်း သိရှိနားလည်ရန် အလွန်အရေးကြီးပါသည်။ ဆန့်ကျင်ဘက်အနေနှင့်၊ သူတို့သည် ဘုရားသခင်၏လူများ မျှော်လင့်ထားသင့်သည့် တရားစီရင်ခြင်းအမျိုးအစားစာရင်းများအတွက် ဓမ္မဟောင်းကျမ်းများကို ကြည့်ရှုကြသည်။ ပရောဖက်များ၏ဝေါဟာရများသည် မောရှေ၏ကျမ်းများမှ ထွက်ပေါ်လာသော ကျမ်းပိုဒ်များပေါ်တွင် မကြာခဏ မူတည်ကြောင်း ဖော်ပြသည်။ ဘုရားသခင်၏လူတို့ကိုစီရင်မည့် တရားစီရင်ခြင်းအမျိုးအစားများကို စာရင်းပြုစုရာ၌ပရောဖက်များကို လမ်းညွှန်ပေးသည့် အဓိကကျမ်းချက်ငါးပိုဒ်ရှိသည်_ တရားဟောရာ ၄း၂၅-၂၈၊ ၂၈:၁၅-၆၈၊ ၂၉:၁၆-၂၉ နှင့် ၃၂:၁၅-၄၃၊ နောက်ဆုံးတွင် ဝတ်ပြုရာ ၂၆:၁၄-၃၉ တွင်ဘုရားသခင်သည် မိမိလူတို့ကိုစီရင်မည့် တရားစီရင်ခြင်း အမျိုးအစားများကို နားလည်ရန်ကြိုးပမ်းရာတွင် ပရောဖက်များအား အချက်အလက်များကို ပေးခဲ့သည်။ ဤကျမ်းပိုဒ်များတွင် အကြောင်းအရာများစွာပါဝင်သဖြင့် ၎င်းတို့ပြောသည်ကို အကျဉ်းချုပ်ရန် ခက်ခဲပါသည်။ သို့သော် ပဋိညာဉ်တရားစီရင်ခြင်း၌ အခြေခံအမျိုးအစားနှစ်ရပ်ရှိကြောင်း လူမျိုးကို ဖော်ပြရန် ဤကျမ်းပိုဒ်များကို မောရှေရေးခဲ့သည်မှာ သေချာသည်။

## သဘာဝတရား၌စီရင်ခြင်း

ပဋိညာဉ်တရားစီရင်ခြင်း၏ပထမအမျိုးအစားမှာ ဘုရားသခင်သည် မြဲမြံသောအပြစ်ကို သဘာဝတရား၌စီရင်ခြင်းဖြင့် တုံ့ပြန်မည်ဖြစ်သည်။ ကမ္ဘာကြီးသည် ဘုရားသခင်၏လူများကို ရန်လိုလာစေရန်အတွက်၊ ဘုရားသခင်သည် သူ၏ကောင်းချီးမင်္ဂလာများကို ပကတိအစီအစဉ်မှ ဖယ်ရှားပစ်ရန်သတိပေးခဲ့သည်။ နို့နှင့်ပျားရည်စီးသောပြည်သို့ ဘုရားသခင်သည် ဣသရေလလူတို့ကို ဆောင်ခဲ့သည်ကို သင်မှတ်မိပေလိမ့်မည်။ ကတိတော်ပြည်ရှိ ပကတိအစီအစဉ်သည် ဘုရားသခင်၏လူများအတွက် ကြီးမားသောကောင်းချီးမင်္ဂလာတစ်ခု ဖြစ်လိမ့်မည်။ သို့ရာတွင် ဣသရေလတို့ပုန်ကန်သောအခါ၊ ကိုယ်တော်သည် တရားစီရင်ရာတွင်ဤကောင်းချီးမင်္ဂလာကို ဖယ်ရှားပစ်မည်ဟု ပရောဖက်များက သတိပေးထားသည်။ ယခု၊ မြင်နိုင်သောပဋိညာဉ်အသိုက်အဝန်းအပေါ် မည်သို့သော ပကတိတရားစီရင်မှုမျိုးများ ရှိလာမည်နည်း။ တရားဟောရာ ၄၊ ၂၈၊ ၂၉၊ နှင့် ၃၂ သာမက ဝတ်ပြုရာကျမ်း ၂၆ တွင် ဘုရားသခင်၏လူများကို ဆန့်ကျင်သည့် ပကတိတရားစီရင်ခြင်းဆိုင်ရာ အနည်းဆုံးခြောက်မျိုးစာရင်းကို ဖော်ပြထားသည်။ ဦးစွာ၊ မောရှေ၏စာအုပ်များမှ ဤအခန်းကြီးများက ဘုရားသခင်သည် တစ်ခါတစ်ရံ မိုးခေါင်ရေရှားခြင်းကို ဣသရေလပြည်သို့ စေလွှတ်တော်မူမည့်အကြောင်းကို ဖော်ပြသည်။ ဤမိုးခေါင်ရေရှားမှုသည် မြေကို ခန်းခြောက်စေသောကြောင့်၊ ပြည်သားတို့သည် လွန်စွာဒုက္ခခံရမည်ဖြစ်ပြီး၊ ကာလနာလည်းဖြစ်လိမ့်မည်။ ထာဝရဘုရားကိုပြင်းထန်စွာပုန်ကန်သောအခါ အစာငတ်မွတ်ခြင်းသည်လည်းရောက်လာကာ၊ လူတို့သည် စားစရာမရှိ ဖြစ်ကြလိမ့်မည်။ သူတို့အပေါ်၌ ရောဂါကျရောက်လိမ့်မည်—ဖျားနာခြင်း၊ အကိုက်နှင့် အနာရောဂါများ ခံစားရကြလိမ့်မည်။ တောရိုင်းတိရိစ္ဆာန်များသည် လူ့အသက်အန္တရာယ်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခြိမ်းခြောက်လာကာ လူဦးရေသည်လျော့နည်းသွားမည်ဖြစ်သည်။ မျိုးမပွားနိုင်ခြင်းနှင့် အချိန်အခါမဟုတ်သေဆုံးခြင်းသည် ကတိတော်ပြည်ရှိ တိရစ္ဆာန်နှင့် လူသားတို့ကို လျော့နည်းစေလိမ့်မည်။

ပရောဖက်များသည် ဤပဋိညာဉ်တရားစီရင်ခြင်းမျိုးများကို အကြိမ်ကြိမ်ဖော်ပြကြသည်။ ဘုရားသခင်သည် ကတိတော်ပြည်တွင် အသက်ကို အန္တရာယ်ဖြစ်စေမည့် သဘာဝဘေးအန္တရာယ်အချို့ကို ယူဆောင်လာမည်ဟု သူတို့အနေဖြင့် မကြာခဏသတိပေးကြသည်။ ဥပမာ၊ ဟဂ္ဂဲ ၁:၉-၁၁ တွင် ဘုရားသခင်မိန့်တော်မူသည်ကို နားထောင်ပါ_

> ငါ့အိမ် သည် ပျက်လျက်ရှိသောကြောင့်ငှင်း၊ သင်တို့သည် အသီး အသီး မိမိတို့အိမ်သို့ ပြေးသောကြောင့်ငှင်း ဖြစ်သတည်း။ ထိုကြောင့် သင်တို့အပေါ်မှာ မိုဃ်းခေါင်သဖြင့် နှင်းမကျရ။ မြေသည်လည်း အသီးအနှံကို မပေးရ။ မြေပေါ်၌ငှင်း၊ တောင်ပေါ်၌ငှင်း၊ ဆန်စပါး၊ ချိုသောစပျစ်ရည်၊ ဆီအပေါ်၌ငှင်း၊ မြေထဲကထွက်သမျှ အပေါ်၌ငှင်း၊ လူသတ္တဝါတိရစ္ဆာန်အပေါ်၌ငှင်း၊ လုပ်ဆောင်သမျှအပေါ်၌ငှင်း၊ သွေ့ခြောက်ခြင်းဘေးကို ငါမှာ လိုက်လေပြီဟု မိန့်တော်မူ၏ (ဟဂ္ဂဲ ၁:၉-၁၁)။

တရားစီရင်ခြင်းသည် ပကတိအစီအစဉ်အတိုင်း ဖြစ်လာကြောင်း ဘုရားသခင်သည် သူ၏ပရောဖက်များအားဖြင့် မကြာခဏဆိုသလို ကြေငြာခဲ့သည်။

## စစ်ပွဲ၌စီရင်ခြင်း

ယခုတွင် သဘာဝတရား၌စီရင်ခြင်းအပြင်၊ ပရောဖက်များသည် စစ်မှုတွင်တရားစီရင်ကြောင်း ဟောပြောထားသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ရှိရသည်။ စစ်ပွဲများသည် ဝတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါများကဲ့သို့သော သဘာဝဘေးဆိုးများကို မကြာခဏ ဆောင်ကြဉ်းပေးလေ့ရှိသော်လည်း၊ ဘုရားသခင်သည် သူ၏လူများကို ပဋိညာဉ်တရားစီရင်ခြင်းတစ်မျိုးအဖြစ် လူသားရန်သူများကို စေလွှတ်ကြောင်းကိုလည်း မိန့်တော်မူခဲ့သည်။ မောရှေ၏ရေးသားချက်များတွင် စစ်ပွဲပုံစံများစွာကိုတွေ့ရသည်။ တရားဟောရာ ၄၊ ၂၈၊ ၂၉၊ ၃၂ နှင့် ဝတ်ပြုရာကျမ်း ၂၆ တွင်၊ စစ်ပွဲ၌စီရင်ခြင်းနှင့်ပတ်သက်၍ အဓိကအမျိုးအစားငါးခုကို တွေ့ရှိရသည်။ ပထမ၊ ဘုရားသခင်၏လူတို့သည် ရှုံးနိမ့်ခြင်းကို ခံရလိမ့်မည်။ သူတို့သည် ရန်သူများ၏တိုက်ခိုက်မှုကို ခံနိုင်ရည်ရှိမည်မဟုတ်။ ဒုတိယအနေနှင့် သူတို့၏မြို့များကို ဝိုင်းထားခြင်းခံရလိမ့်မည်။ မြို့များကိုရန်သူဝိုင်းရံထားပြီး မြို့သူမြို့သားတို့သည်လည်း ဒုက္ခရောက်ကြလိမ့်မည်။ ထို့နောက်တွင် ရန်သူတို့သည်တိုင်းပြည်ကို သိမ်းပိုက်ကြလိမ့်မည်။ ဘုရားသခင့်လူမျိုး၏ရန်သူများသည် ကတိတော်ပြည်သို့ ရောက်ရှိလာပြီး ထိန်းချုပ်ကြလိမ့်မည်။ သေခြင်းနှင့် ပျက်သုဉ်းခြင်းသည် စစ်ပွဲ၌ ပဋိညာဉ်ကျိန်ခြင်းတစ်ခုဖြစ်သည်၊ အကြောင်းမှာ ဘုရားသခင်၏လူများစွာသည် ၎င်းတို့၏ရန်သူများ၏လက်တွင် သေဆုံးရလိမ့်မည်။ နောက်ဆုံးတွင်၊ အားလုံးထက်ဆိုးသောကျိန်ခြင်းဖြစ်သည့်—ကိုယ်တော်၏လူမျိုးသည်လူမျိုးများကြားတွင် ကျွန်အဖြစ်သို့ကဲ့လွှင့်သွားလိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်၏လူများကို ၎င်းတို့၏ရန်သူများအနိုင်ယူလိမ့်မည်ဟု ပရောဖက်များသည် အကြိမ်ကြိမ်ကြေညာရုံသာမက၊ ကတိတော်ပြည်မှနှင်ထုတ်ခြင်းခံရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ ဥပမာ၊ ပရောဖက်မိက္ခာက ယုဒလူများစွာသည် ကတိတော်ပြည်မှ နှင်ထုတ်ခြင်းခံရမည်ဟု သတိပေးခဲ့သည်။ မိက္ခာ ၁:၁၆ တွင် ဤကျွန်ခံခြင်းဆိုင်ရာ နုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်နိုင်သည်_

> ချစ်ဘွယ်သော သင်၏သားသမီးတို့သည် သိမ်း သွားခြင်းကို ခံရသောကြောင့်၊
> သူတို့အတွက် သင်သည် ခေါင်းပြောင်အောင် ဆံပင်ကို ရိတ်၍နေလော့။
> ရွှေလင်းတကဲ့သို့ ကျယ်စွာသော ခေါင်းပြောင်ခြင်းကို ပြုလော့ (မိက္ခာ ၁:၁၆)။

ဤကဲ့သို့သော တရားစီရင်ခြင်းနှင့် စစ်ဆင်နွှဲခြင်းဆိုင်ရာ သတိပေးမှုများသည် ဓမ္မဟောင်းပရောဖက်များတစ်လျှောက်တွင် တွေ့ရသည်။

ထို့ကြောင့် ဓမ္မဟောင်းပရောဖက်များသည် ပဋိညာဉ်တရားစီရင်ခြင်း၏ အခြေခံအမျိုးအစားနှစ်မျိုးဖြစ်သည့် သဘာဝဘေးအန္တရာယ်နှင့် စစ်ပွဲများကို ကြေညာခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ယခုတွင် ဘုရားသခင်သည် သူ၏လူများအပေါ် ဤတရားစီရင်မှုမျိုးများကို ချမှတ်ရာ၌ ကိုယ်တော်လိုက်နာမည်ဟု ပြောခဲ့သည့် လုပ်ငန်းစဉ်ကို ကြည့်ကြပါစို့။

# တရားစီရင်ခြင်းလုပ်ငန်းစဉ်

မည်သို့သော တရားစီရင်ခြင်းလုပ်ငန်းစဉ်များ ဖြစ်ပျက်လာမည်ဟု ပရောဖက်များမျှော်လင့်ခဲ့ကြသနည်း။ ပရောဖက်များသည် တရားစီရင်ခြင်းလုပ်ငန်းစဉ်ကို အဓိကအားဖြင့် ဝတ်ပြုရာ ၂၆:၁၄-၃၉ မှ သင်ယူခဲ့သည်။ ဤကျမ်းပိုဒ်တွင်၊ တရားစီရင်ခြင်းသည် အချိန်ကာလကြာမြင့်စွာလုပ်ဆောင်မည်ဖြစ်ပြီး၊ သီးခြားပုံစံတစ်ခုကို ကျင့်သုံးသည့်အရာအဖြစ် မောရှေဖော်ပြသည်။ ဤကျမ်းပိုဒ်ကို ဆန်းစစ်ကြည့်သောအခါ၊ ဤစီရင်ခြင်းပုံစံကို ထိန်းချုပ်သည့် အနည်းဆုံးနိယာမသုံးခုကို တွေ့ရှိရမည်ဖြစ်သည်။ ဘုရားသခင်သည် စိတ်ရှည်သည်းခံမှုကို ပြသလိမ့်မည်၊ သို့သော် စီရင်ခြင်းများသည် ပြင်းထန်လာမည်ဖြစ်ပြီး၊ ဤတရားစီရင်ချက်များအတွက် အထွတ်အထိပ်ရှိမည်ဖြစ်သည်။ ဘုရားသခင်၏စိတ်ရှည်သည်းခံခြင်းအကြောင်း ဦးစွာကြည့်ကြပါစို့။

## ဘုရားသခင်၏ စိတ်ရှည်သည်းခံခြင်း

ဝတ်ပြုရာ ၂၆:၁၄-၃၉ တွင် ဘုရားသခင်သည် မိမိလူမျိုးများအပြစ်ပြုသောအခါတွင် ကြီးစွာသောသည်းခံခြင်းကိုကျင့်သုံးကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ သူ၏လူတို့သည် တော်လှန်ပုန်ကန်ကြမည်ဖြစ်ပြီး နောင်တရရန် ငြင်းဆန်ကာ ခေါင်းမာကြမည်ကို ဘုရားသခင် သိရှိနားလည်သည်။ ထို့ကြောင့် ဤကျမ်းပိုဒ်တွင်၊ ဘုရားသခင်သည် မိမိလူမျိုးအပေါ် အလွန်စိတ်ရှည်သည်းခံမည်ဖြစ်ကြောင်း မောရှေဖော်ပြသည်။ ဝတ်ပြုရာကျမ်း ၂၆ တွင် အခန်းငယ် ၁၄-၁၇၊ ၁၈-၂၀၊ ၂၁-၂၂၊ ၂၃-၂၆၊ နှင့် ၂၇-၃၉ ဟူ၍ အပိုင်းငါးပိုင်းခွဲထားသည်။ ဤအပိုင်းတစ်ခုစီတွင် ဘုရားသခင်က ဤသို့မိန့်တော်မူခြင်းဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစပြုသည်_ "သင်တို့သည် ငါ့စကားကို နားမထောင်လျှင်…" ထို့နောက် ဣသရေလအပေါ် တရားစီရင်မည့်အမှုကို ဆက်၍မိန့်တော်မူသည်။ "သင်တို့သည် ငါ့စကားကို နားမထောင်လျှင်" ဟူသော ဤအကြိမ်တိုင်းတွင် ဘုရားသခင်သည် ၎င်းတို့အား နောင်တရရန် အခွင့်အရေးများစွာပေးခြင်းဖြင့် သူ၏လူများအပေါ်တွင် စိတ်ရှည်သည်းခံရန် ရည်ရွယ်ထားကြောင်း ဖော်ပြသည်။

ဓမ္မဟောင်းပရောဖက်ပြုချက်တွင် ဘုရားသခင်၏သည်းခံခြင်းအကြောင်း အတိုချုပ်ဆုံးဖော်ပြချက်တစ်ခု တွေ့ရသည်။ ပရောဖက်ယောလသည် ယောလ ၂ တွင်လူတို့ကို နောင်တရရန် ခေါ်သောအခါ ဘုရားသခင်၏သည်းခံခြင်းအကြောင်းကို ပြောခဲ့သည်။ ၂:၁၃ တွင်၊ သူသည် ဣသရေလလူမျိုးအား ဤနုတ်ကပတ်တော်ကို မိန့်တော်မူသည်_

> သင်တို့၏ဘုရားသခင်ထာဝရဘုရားထံတော်သို့ ပြန်လာကြလော့။ ချစ်သနားခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်သောသဘော၊ အလွန်ကျေးဇူးပြုချင်သော သဘော၊ အပြစ်ပေးခြင်းကို နောင်တရတတ်သော သဘောရှိတော်မူ၏ (ယောလ ၂:၁၃)။

ပရောဖက်များသည် ပဋိညာဉ်တရားစီရင်ခြင်းကို ခိုင်မာစွာယုံကြည်ကြသည်။ ထာဝရဘုရားသည် မိမိလူတို့ကိုအလွန်စိတ်ရှည်သည်းခံတော်မူကြောင်းကိုလည်း ယုံကြည်ကြသည်။

ဝတ်ပြုရာကျမ်း ၂၆ ပါပဋိညာဉ်တရားစီရင်ခြင်း၏ပထမနိယာမမှာ ဘုရားသခင်သည် စိတ်ရှည်သည်းခံမည် ဖြစ်သည်။ သို့သော် ဒုတိယနိယာမတစ်ခုလည်း ရှိသည်—ဘုရားသခင့်ပဋိညာဉ်စီရင်ခြင်းများသည် ပိုမိုပြင်းထန်လာမည်ဖြစ်သည်။

## ပိုမိုပြင်းထန်လာခြင်း

ဝတ်ပြုရာကျမ်း ၂၆ ၏အပိုင်းငါးပိုင်း၌ဘုရားသခင်သည် စိတ်ရှည်သည်းခံတော်မူသည်ဟု ဖော်ပြထားသကဲ့သို့၊ ဘုရားသခင်သည် သူ၏စီရင်ခြင်းများကို ပြင်းထန်စေမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။ အခန်းငယ် ၁၈၊ ၂၁၊ ၂၄ နှင့် ၂၈ တွင်၊ ဘုရားသခင်သည် ကိုယ်တော်၏လူများကို ဤနည်းဖြင့်သတိပေးသည်_ သူတို့သည် ဆက်လက်ပုန်ကန်မည်ဆိုပါက၊စီရင်ခြင်းတို့ကို ခုနစ်ဆတိုးစေမည်ဖြစ်သည်။

ဝတ်ပြုရာကျမ်း ၂၆ တွင်ပဋိညာဉ်တရားစီရင်ခြင်းသည် အတိုင်းအတာများဖြင့် စီရင်ခြင်းဖြစ်သည်ဟု ဖော်ပြသည်။ တစ်ခါတစ်ရံ ပရောဖက်များသည် သေးငယ်သောတရားစီရင်ချက်များကို သတိပေးခဲ့ကြပြီး၊ နောက်ပိုင်းတွင် ပို၍ကြီးမားသောစီရင်ချက်များကို သတိပေးခဲ့ကြသည်။ ဥပမာ၊ ဟေရှာယ ၃၈:၁ တွင် သေးငယ်သောတရားစီရင်ချက်တစ်ခုအကြောင်း ကျွန်ုပ်တို့ဖတ်ရသည်_

> ကိုယ်အိမ်အမှုကို စီရင်လော့။ သင်သည် အသက်မရှင်၊ သေရမည်ဟု အမိန့်တော်ကို ပြန်လေ၏ (ဟေရှာယ ၃၈:၁)။

ယခု၊ ဟောဇကိကိုယ်တိုင်က ဤစီရင်ခြင်းအားကြီးစွာသော ပဋိညာဉ်တရားစီရင်ခြင်းဟု ထင်မြင်မိသော်လည်း၊ လူမျိုးတစ်မျိုးလုံးရှုထောင့်အရ၊ ၎င်းသည် အလွန်သေးငယ်သည်မှာသေချာသည်—ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရသောသူတစ်ဦးတည်းသာ ဖြစ်သည်။ သို့ရာတွင်၊ ဟောဇကိသည် ယေဟောဝါအားနာခံရန် ငြင်းဆိုပြီးနောက်၊ အာရှုရိလူတို့၏တိုက်ခိုက်ခြင်းမှ အံ့ဖွယ်နည်းဖြင့် လွတ်မြောက်သော်လည်း၊ ဟေရှာယသည် ပို၍ပြင်းထန်သော တရားစီရင်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ တစ်နေ့တွင် ဗာဗုလုန်လူမျိုးများသည် ယုဒပြည်တစ်ခုလုံးကို သိမ်းပိုက်နိုင်လိမ့်မည်ဟု ကြေငြာခဲ့သည်။ ဟေရှာယ ၃၉:၆ တွင် ဖတ်ရသည့် နုတ်ကပတ်တော်များမှာ_

> နန်းတော်၌ ရှိသမျှကိုငင်း... ဗာဗုလုန်မြို့သို့ ယူသွားရသော ကာလသည်
> ရောက်လိမ့်မည်။ တစုံတခုမျှ မကျန်ကြွင်းရဟု ထာဝရဘုရား မိန့်တော်မူ၏
> (ဟေရှာယ ၃၉:၆)။

ဤဖော်ပြချက်သည် သူ၏ကိုယ်ရေးကိုယ်တာကျန်းမာရေးနှင့်ပတ်သက်၍ ဟောဇကိကိုသတိပေးခြင်းထက် ပို၍ပြင်းထန်သည်။ ၎င်းသည် လူမျိုးတစ်ခုလုံးကိုသတိပေးမှု ဖြစ်သည်။ များစွာသောပရောဖက်တို့သည် ဤပုံစံအတိုင်းပင် လိုက်နာကြလိမ့်မည်။ သူတို့သည် တိုးမြှင့်စီရင်ခြင်းအကြောင်း ပြောဆိုကြလိမ့်မည်။

ဘုရားသခင်သည် စိတ်ရှည်သည်းခံမှုနှင့် ပဋိညာဉ်တရားစီရင်ခြင်းများကို တိုး၍ယူဆောင်လာရုံသာမက၊ တတိယနိယာမကိုလည်း ကျွန်ုပ်တို့တွေ့ရှိနိုင်သည်_ တရားစီရင်ခြင်း၏အထွတ်အထိပ်သည် တိုင်းပြည်မှနှင်ထုတ်ခံရခြင်းဖြစ်သည်။

## အထွတ်အထိပ်

ဝတ်ပြုရာ ၂၆:၂၇-၃၉ ၏နောက်ဆုံးအပိုင်းသည် ဘုရားသခင်၏လူမျိုးအပေါ် အဆိုးရွားဆုံးသော တရားစီရင်ခြင်းတွင် ပြည်တော်ကိုလုံးဝပျက်စီးစေပြီး၊ ကတိတော်ပြည်မှ နှင်ထုတ်ခံရမည်ဖြစ်ကြောင်း သတိပေးထားသည်။ ဝတ်ပြုရာ ၂၆:၃၃ တွင် မောရှေမိန့်ဆိုပုံကို နားထောင်ပါ_

> သာသနာပလူတို့တွင် သင်တို့ကို အရပ်ရပ်ငါကွဲပြားစေ၍၊
> ထားမိုးလျက်လိုက်မည်။ သင်တို့ပြည်သည်လည်း လူဆိတ်ညံလျက်၊
> မြို့သည်လည်း ပျက်စီးလျက်ရှိလိမ့်မည် (ဝတ်ပြုရာ ၂၆:၃၃)။

ဓမ္မဟောင်းယုံကြည်သူများ၏ စိတ်ထဲတွင်၊ ဤထက်ဆိုးသည့်အရာများကို စိတ်ကူးကြည့်ရန် ခက်ခဲသည်။ ဘုရားသခင်သည် ဣသရေလလူတို့ကို နို့နှင့်ပျားရည်စီးသောပြည်၊ ကတိတော်ပြည်သို့ ပို့ဆောင်ခဲ့ပြီး၊ ယခုတွင် ပရောဖက်များက ဤပြည်မှ နှင်ထုတ်ခံရတော့မည်ဟု ကြေငြာနေကြသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာရှိ ပရောဖက်အများစုကိုလေ့လာကြည့်သောအခါ၊ ဘုရားသခင်သည် သူ၏လူများကို တိုင်းပြည်မှနှင်ထုတ်မည်ဟု အကြိမ်ကြိမ်သတိပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်ကျွန်ခံခြင်းသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရောက်လာတော့မည်အကြောင်း ပရောဖက်များက ကြေငြာကြသည်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ ဥပမာ၊ အာမုတ် ၅:၂၆-၂၇ တွင်၊ ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်တို့ဘုရား မောလုပ်၏တဲနှင့် သင်တို့ဘုရား ခိအုန်၏ကြယ်တည်းဟူသော ကိုယ်အဘို့ လုပ်သောပုံတို့ကို ဆောင်ရွက်ကြပြီတကား။ ထိုကြောင့်၊ သင်တို့ကို ဒမာသက်မြို့တဘက်သို့သိမ်းသွားစေခြင်းငှါ ငါစီရင်မည် (အာမုတ် ၅:၂၆-၂၇)။

မောရှေသည် ကျွန်ခံခြင်းဆိုင်ရာသတိပေးမှုကို ဝတ်ပြုရာကျမ်း ၂၆ နှင့် အခြားကျမ်းပိုဒ်များစွာတွင် ရှင်းလင်းစွာဖော်ပြထားသော်လည်း၊ ကြာသရေလလူတို့သည် ယုံကြည်ရန်ခက်ခဲနေဆဲဖြစ်သည်။ ဘုရားသခင်သည် မိမိလူမျိုးကို မည်သည့်အခါမျှ နှင်ထုတ်မည်မဟုတ်ကြောင်း—ယေရုရှလင်မြို့သည် အနည်းဆုံး မပျက်မစီးရှိနေမည်ဟု ယုံကြည်ခဲ့သည်။ လူတို့သည် ထာဝရဘုရားနှင့်ပြုသော ပဋိညာဉ်တွင် လူသားတို့၏တာဝန်ပါရှိကြောင်းကို မေ့လျော့ခဲ့ကြသည်၊ ထို့ကြောင့် ယေရုရှလင်မြို့၏နောက်ဆုံးနှစ်များတွင်ပင်၊ ယေရမိသည် မြို့နှင့်ဗိမာန်တော်ဖျက်ဆီးခြင်းခံရတော့မည်အကြောင်း ကြွေးကြော်ရလေသည်။ ယေရမိ ၇:၁၃-၁၅ တွင် ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_

> ယခုတွင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့သည် ဤအမှုအလုံးစုံတို့ကို ပြုသောကြောင့်၎င်း၊ ငါသည်စောစောထ၍ အကြိမ်ကြိမ်ပြောသော်လည်း၊ သင်တို့သည် နားမထောင်၊ ငါခေါ်၍ သင်တို့သည် မထူးသောကြောင့်၎င်း၊ ရှိလောရွာကို ငါပြုသကဲ့သို့၊ ငါ၏နာမဖြင့် သမုတ်သော၊ သင်တို့ ခိုလှုံသော ဤအိမ်တော်၊ သင်တို့နှင့် ဘိုးဘေးတို့အား ငါပေးသော အရပ်ဌာနကို ငါပြုမည်။ သင်တို့ညီအစ်ကို ဧဖရိမ်အမျိုးသားရှိသမျှတို့ကို ငါနှင့်ထုတ်သကဲ့သို့၊ သင်တို့ကို ငါ့ထံမှ ငါနှင့်ထုတ်မည် (ယေရမိ ၇:၁၃-၁၅)။

ဘုရားသခင်သည် သနားစုံမက်၍ စိတ်ရှည်သည်းခံပြီး သူ၏လူများကို ကြင်နာသနားတော်မူသည်။ ကိုယ်တော်ကို ဒေါသထွက်အောင်လုပ်ဖို့ရန်အချိန်ကြာသော်လည်း ဒေါသထွက်ရန် လှုံ့ဆော်ပေးနိုင်ပါသည်။ သို့ဖြစ်၍ ဘုရားသခင်သည် မိမိလူမျိုးအပေါ် တရားစီရင်တော်မူကြောင်း၊ သို့သော်၎င်းစီရင်ခြင်းသည် ကိုယ်တော်၏လူများအပေါ် ကိုယ်တော်ကျင့်သုံးသော စိတ်ရှည်သည်းခံပြီး ကြင်နာစွာစီရင်ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။

ယခုအချိန်အထိ ပဋိညာဉ်မောင်းနှင်အားများဆိုင်ရာ ဤသင်ခန်းစာတွင်၊ ပဋိညာဉ်စံနှုန်းနှင့် ပဋိညာဉ်စီရင်ခြင်းတို့ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့၏ဆွေးနွေးမှုတွင် တတိယအချက်ဖြစ်သည့် ပဋိညာဉ်ကောင်းချီးမင်္ဂလာများကို ကြည့်ကြပါစို့။ ဘုရားသခင်သည် မိမိလူမျိုးအပေါ် သူ၏ကောင်းချီးမင်္ဂလာများကို မည်သို့သွန်းလောင်းသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ပဋိညာဉ်ကောင်းချီးမင်္ဂလာများ

တစ်ဖက်လူက မစွန့်လွှတ်နိုင်သောခင်မင်ရင်းနှီးမှုမျိုး သင့်အနေဖြင့်ခင်မင်ရင်းနှီးဖူးပါသလား။ သင်သည် ခရီးလွန်နေသောကြောင့် စာပြန်ရန်မေ့သွားသည့်တိုင် စာများဆက်ပို့နေသည်၊ သို့မဟုတ် ဖုန်းဆက်၍ခေါ်နေသည်၊ ၎င်းသည် သင်၏သစ္စာရှိမိတ်ဆွေဖြစ်သည်။ သမိုင်းတစ်လျှောက်လုံးတွင် သင်နှင့်အတူရှိနေမည့် ဤကဲ့သို့သောမိတ်ဆွေမျိုးရှိခြင်းသည် ကောင်းပါသည်။ ထာဝရဘုရားနှင့် ဣသရေလအမျိုးသားတို့နှင့်ဆက်ဆံရေးသည်လည်းထို့အတူပင်ဖြစ်သည်။ ဘုရားသခင်သည် မိမိလူတို့ကို ပြင်းထန်စွာ တရားစီရင်မည်ဟု ပရောဖက်များသိထားကြသည်။ ထို့ပြင် ထာဝရဘုရားသည် မိမိပဋိညာဉ်ဖွဲ့ထားသောလူတို့ကို မည်သည့်အခါမျှ စွန့်လွှတ်တော်မမူကြောင်းကိုလည်း သူတို့သည်သိ၍ ဟောပြောကြသည်။

ပဋိညာဉ်အသက်တာ၏ဤဘက်ခြမ်းကိုလေ့လာရန်၊ ကျွန်ုပ်တို့သည် တရားစီရင်ခြင်းနှင့် ပတ်သက်၍သုံးသပ်ခြင်းတွင် ပြုလုပ်ခဲ့သည့်အတိုင်း ထည့်သွင်းစဉ်းစားမှုနှစ်ခုကိုကြည့်ရန် လိုအပ်သည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် ပဋိညာဉ်ကောင်းချီးမင်္ဂလာ အမျိုးအစားများကိုလေ့လာကာ၊ ထို့နောက် ပဋိညာဉ်ကောင်းချီးမင်္ဂလာပေးခြင်း လုပ်ငန်းစဉ်ကို ကြည့်ပါမည်။

## ကောင်းချီးမင်္ဂလာ အမျိုးအစားများ

ဘုရားသခင်၏လူတို့သည် ဘုရားသခင်အပေါ် သစ္စာရှိရန် ကြိုးပမ်းသောအခါ ကောင်းချီးမင်္ဂလာများ သူတို့အပေါ်ရောက်ရှိ၍လာသည်။ မှန်ပါသည်၊ ဘုရားသခင်သည် မိမိ၏လူများကို စုံလင်ရန် မမျှော်လင့်ထားသော်လည်း၊ ကိုယ်တော်ကို ပုန်ကန်ခြင်းမပြုဘဲ စိတ်ရင်းမှန်ဖြင့်ရှာရန် မျှော်လင့်ထားသည်။ ပဋိညာဉ်လူတို့သည် ဤနည်းဖြင့် သစ္စာရှိသောအခါ၊ ဘုရားသခင်သည် သူတို့ကို ကောင်းချီးမင်္ဂလာ ကြွယ်ဝစွာပေးသည်။

### သဘာဝတရား၌ ကောင်းချီးမင်္ဂလာပေးခြင်း

ကောင်းချီးမင်္ဂလာ၏ ပထမအမျိုးအစားမှာ သဘာဝတရား၌ ကောင်းချီးမင်္ဂလာဖြစ်သည်။ မောရှေသည် သဘာဝတရား၌စီရင်ခြင်းအကြောင်း ပြောသကဲ့သို့ပင်၊ သဘာဝတရားနယ်ပယ်တွင် ရရှိမည့် ကောင်းချီးမင်္ဂလာများအကြောင်းလည်း မိန့်ဆိုခဲ့သည်။ သစ္စာရှိစွာဝတ်ပြုကိုးကွယ်မည်ဆိုပါက ဘုရားသခင်သည် ကြီးမားသောကောင်းချီးမင်္ဂလာများကိုပေးကြောင်း ဣသရေလလူတို့အား မောရှေ ထုတ်ဖော်ပြခဲ့သည်။ တရားဟောရာ ၄၊ ၂၈၊ ၃၀၊ နှင့် ဝတ်ပြုရာကျမ်း ၂၆ တို့တွင် အနည်းဆုံး နည်းလမ်း လေးမျိုးဖြင့် တွေ့ရသည်။ ရှေးဦးစွာ မောရှေသည် စိုက်ပျိုးရေးတွင်ပေါကြွယ်ဝခြင်းအကြောင်း ပြောခဲ့သည်။ လူတို့သည် မိမိတို့၏ဘုရားသခင်ကို သစ္စာစောင့်သိမည်ဆိုပါက လယ်ကွင်းများသည် ကောက်ပဲသီးနှံများနှင့် ပြည့်နေပေလိမ့်မည်။ ထို့ပြင် တိရစ္ဆာန်များမျိုးပွားခြင်း အကြောင်းကိုလည်း သူသည် မိန့်တော်မူသည်။ လူတွေက သခင်ဘုရားကို သစ္စာရှိစွာဝတ်ပြုကိုးကွယ်မည်ဆိုပါက တိရစ္ဆာန်များ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

များပြားလာမည်ဖြစ်သည်။ ကျန်းမာခြင်းနှင့် ကြွယ်ဝခြင်းတို့သည် ဘုရားသခင်၏လူတို့ထံ ရောက်လာလိမ့်မည်။ သူတို့သည် ကျန်းမာခြင်းနှင့် သုခချမ်းသာကို ခံစားရမည်ဖြစ်သည့်အပြင်၊ လူဦးရေလည်း တိုးလာမည်ဖြစ်သည်။ ဣသရေလလူမျိုးအရေအတွက် တိုးများလာကာ ကတိတော်ပြည်ကို ထိုသူတို့နှင့် ပြည့်စေမည် ဖြစ်သည်။

သဘာဝတရားဆိုင်ရာ ကောင်းချီးမင်္ဂလာပေးသော ကြေငြာချက်များသည် ကျွန်ုပ်တို့ကို မအံ့သြစေသင့်ပါ။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို ဦးစွာဖန်ဆင်းသောအခါ၊ ကျွန်ုပ်တို့အား ပရဒိသုဘုံတစ်ခုအတွင်း၌ထားတော်မူသည်—ဒေဝဥယျာဉ်။ သို့သော် အပြစ်ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို နှင်ထုတ်ခဲ့သည်။ ဘုရားသခင်၏ပဋိညာဉ်လူတို့အနေဖြင့် ကိုယ်တော်အပေါ်သစ္စာရှိသောအခါ သူတို့ကို ကောင်းချီးမင်္ဂလာများ၊ သဘာဝတရားဆိုင်ရာ ကောင်းချီးမင်္ဂလာများ ပေးမည်ဟု ကတိပြုလေသည်။ သို့မှသာ သူတို့သည် ကမ္ဘာဦးအစတွင် လူသားမျိုးနွယ်အတွက် ဘုရားသခင်ရည်မှတ်ထားသည့်အရာများကို တွေ့ကြုံခံစားနိုင်ကြမည်ဖြစ်သည်။ ဓမ္မဟောင်းပရောဖက်များသည် သဘာဝတရား၏ ကောင်းချီးမင်္ဂလာဆုလာဒ်များအကြောင်းကို နည်းလမ်းများစွာဖြင့် ဟောပြောခဲ့ကြသည်။ ဥပမာတစ်ခုကို နားထောင်ပါ။ ယောလ ၂:၂၂-၂၃ တွင်ကျွန်ုပ်တို့ဖတ်ရသည်မှာ_

> အိုတောသားရဲတို့၊ မစိုးရိမ်ကြနှင့်။ တောမြက် ပင်ပေါက်လျက်၊ သစ်ပင်တို့သည် အသီးကို သီးလျက်၊ သင်္ဘောသဖန်းပင်နှင့် စပျစ်နွယ်ပင်တို့လည်း အားထုတ်လျက်ရှိကြ၏။ အိုဇိအုန်မြို့သားတို့၊ ဝမ်းမြောက်၍ သင်တို့၏ဘုရားသခင် ထာဝရဘုရားကို အမှီပြုလျက်ရွှင်လန်းကြလော့။ အကြောင်းမူကား၊ ဓမ္မဆရာကို ပေးတော်မူ၍ အစအဦး၌လည်း အရင်မိုးနှင့်နောက်မိုးကို သင်တို့အပေါ်မှာ ရွာစေတော်မူမည် (ယောလ ၂:၂၂-၂၃)။

အလားတူပင်၊ ဇာခရိသည် သူ၏ခေတ်ရှိလူများသည် သခင်ဘုရားကိုနာခံသောအခါ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို တွေ့ကြလိမ့်မည်ဟု ကြိုတင်ဟောပြောခဲ့သည်။ ဇာခရိ ၈:၁၂ က အောက်ပါနှုတ်ကပတ်တော်များကိုပြောသည်_

> မျိုးစေ့ကို ငြိမ်ဝပ်စွာကြဲရလိမ့်မည်။ စပျစ်ပင်သည်အသီးကိုင်၊ မြေသည် မိမိစီးပွားကိုင်၊ မိုးကောင်းကင်သည် နှင်းရည်ကိုင်၊ ပေးရလိမ့်မည်။ ကျန်ကြွင်းသော ဤလူတို့သည် ဤအရာအလုံးစုံတို့ကို ရတတ်စေခြင်းငှါ ငါပြုမည် (ဇာခရိ ၈:၁၂)။

## စစ်ပွဲတွင် ကောင်းချီးမင်္ဂလာများ

ပထမပဋိညာဉ်ကောင်းချီးမင်္ဂလာများသည် သဘာဝတရားအပေါ် အကျိုးပေးမှုကို အထူးပြုသော်လည်း၊ ဒုတိယအဓိကအမျိုးအစားသည် ပရောဖက်များတွင် အကြိမ်ကြိမ်တွေ့ရပြီး၊ ၎င်းသည် စစ်ပွဲဆိုင်ရာကောင်းချီးမင်္ဂလာဖြစ်သည်။ ပဋိညာဉ်၏လူများသည် ဘုရားသခင်၏တရားစီရင်ခြင်း

အောက်တွင်ရှိစဉ် စစ်ပွဲတွင်ရှုံးနိမ့်ခြင်းခံရသကဲ့သို့ ပဋိညာဉ်ကောင်းချီးမင်္ဂလာများအောက်တွင်ရှိသော အခါ အောင်ပွဲနှင့်ငြိမ်သက်ခြင်းကို တွေ့ကြုံခံစားခဲ့ကြရသည်။ ဤပုံစံကို တရားဟောရာ ၄၊ ၂၈၊ ၃၀၊ နှင့် ဝတ်ပြုရာ ၂၆ တွင် အနည်းဆုံး နည်းလမ်းလေးမျိုးဖြင့် တွေ့ရသည်။ ရှေးဦးစွာ၊ ဘုရားသခင်၏လူတို့သည် ရန်သူများကိုအနိုင်ယူမည်ဟု မောရှေသည် သူတို့ကိုပြောခဲ့သည်။ သို့သော် ယင်းထက်ကျော်လွန်ပါက စစ်ပွဲအဆုံးသတ်တော့မည်ဖြစ်သည်။ လူမျိုးတို့နှင့် ရန်ငြိုးဖွဲ့ခြင်း ချုပ်ငြိမ်းပြီး ပျက်စီးခြင်းမှ လွတ်မြောက်လိမ့်မည်။ ထို့အပြင်၊ ကတိတော်ပြည်မှ သိမ်းယူသွားခြင်းခံရသော သုံ့ပန်းများ ပြန်လည်ရောက်ရှိလာမည်မှာ သေချာပါသည်။

ဓမ္မဟောင်းပရောဖက်များသည် စစ်ပွဲဆိုင်ရာဤကောင်းချီးမင်္ဂလာမျိုးများကို မကြာခဏပြောလေ့ရှိသည်။ ဣသရေလလူမျိုးအတွက် စစ်ရေးအောင်မြင်မှု၏ ကြီးကျယ်ခမ်းနားသော အနာဂတ်ကို အာမုတ်သည် မည်သို့ကြိုတင်ဟောပြောခဲ့သည်ကို နားထောင်ပါ။ အာမုတ် ၉:၁၁-၁၂ တွင်၊ သူသည် ကျွန်ခံပြီးနောက်ကာလနှင့်ပတ်သက်သော ဤနုတ်ကပတ်တော်များကို ပြောခဲ့သည်_

> လဲလျက်ရှိသော ဒါဝိဒ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်။ အက်ကွဲရာများကို စေ့စပ်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင်၊ ထိုတဲကို ရှေးကာလ၌ ရှိသကဲ့သို့ မတ်စေပြန်မည်ဟု၊ ဤအမှုအရာကို စီရင်တော်မူသော ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိ ၏ (အာမုတ် ၉:၁၁-၁၂)။

ရန်လိုမှုများနှင့် ပြဿနာများရှိသောကမ္ဘာတွင်၊ ပရောဖက်အာမုတ်က ဒါဝိဒ်၏မင်းမျိုးသည် ရန်လိုသောရန်သူအားလုံးကို အောင်နိုင်လိမ့်မည်ဟု ကြေညာခဲ့သည်။ ထိုနည်းတူပင်၊ မိက္ခာ ၄:၃ တွင် ဤအောင်မြင်မှုများကြောင့် ကြီးစွာသောငြိမ်သက်ခြင်းရှိမည်ဟု ကြေငြာခဲ့သည်_

> ထာဝရဘုရားသည် များပြားသော လူတို့တွင် တရားစီရင်၍၊ ဝေးစွာ နေလျက် အားကြီးသော လူမျိုး တို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့ ထားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှါ၎င်း၊ လှံများကို တံစဉ်းဖြစ်စေခြင်း ငှါ၎င်း ထုလုပ်ကြလိမ့်မည်။ တပြည်ကိုတပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ (မိက္ခာ ၄:၃)။

ထို့ကြောင့် ပရောဖက်များသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာများဆီသို့ ဦးတည်နေကြသည်ကို ဤကျမ်းပိုဒ်များအားဖြင့် ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ ပရောဖက်များသည် တရားစီရင်ခြင်းနှင့် အပြစ်အကြောင်းကို အပျက်သဘောများစွာ ပြောဆိုခဲ့ကြသော်လည်း၊ နောင်တရခြင်းနှင့် သစ္စာစောင့်သိခြင်းသည် သဘာဝတရားဆိုင်ရာနှင့် စစ်ပွဲဆိုင်ရာ ကြီးမြတ်သောကောင်းချီးမင်္ဂလာများဆီသို့ ဦးတည်စေသည်ဟု ပြောခဲ့သည်။

ဘုရားသခင်သည် မိမိလူတို့အားပေးမည့် ကောင်းချီးမင်္ဂလာအမျိုးအစားများကို ကျွန်ုပ်တို့ တွေ့မြင်ရပြီးနောက်၊ ဤကောင်းချီးမင်္ဂလာများ ဖြစ်ပေါ်လာမည့် လုပ်ငန်းစဉ်များကိုလည်း ယခုကျွန်ုပ်တို့ ကြည့်ရှုသင့်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကောင်းချီးမင်္ဂလာပေးခြင်း လုပ်ငန်းစဉ်

တရားစီရင်ခြင်းလုပ်ငန်းစဉ်ရှိသကဲ့သို့ ကောင်းချီးမင်္ဂလာပေးသည့်လုပ်ငန်းစဉ်လည်း ရှိပါသည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာပေးခြင်းလုပ်ငန်းစဉ်ကို အုပ်စိုးသည့် အနည်းဆုံးအခြေခံမှုသုံးရပ်ရှိသည်_ ပထမ၊ ကောင်းချီးမင်္ဂလာများသည် ကျေးဇူးတော်အားဖြင့် ဖြစ်သည်။ ထို့နောက် ကောင်းချီးမင်္ဂလာများသည် အမျိုးမျိုးသော အတိုင်းအတာဖြင့် ရောက်လာသည်။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတွင် အထွတ်အထိပ်လည်း ရှိသည်။

## ကျေးဇူးတော်

ဓမ္မဟောင်းတွင်လူတို့သည် ကယ်တင်ခြင်းကိုငှင်း သို့မဟုတ် ဘုရားသခင်ရှေ့တော်၌ ၎င်းတို့၏ ဖြောင့်မတ်ခြင်းကိုငှင်း ကြိုးစား၍ရရှိကြောင်း မကြာခဏဆိုသလို မျက်မှောက်ခေတ်ခရစ်ယာန်များသည် မှားယွင်းသောအထင်အမြင်များရှိသည်။ သို့သော် သမ္မာတရားနှင့် မည်သည့်အရာမှမကွာနိုင်ပါ။ ပရောဖက်များသည် အကျင့်အားဖြင့် ကယ်တင်ခြင်းလမ်းကို ယောကျ်ားမိန်းမတို့အား မပေးခဲ့ကြပါ။ သူတို့သည် နောင်တရရန်နှင့် ဘုရားသခင်၏ကရုဏာကိုရှာရန် လူတို့ကို တောင်းဆိုခဲ့ကြသည်။ ဟောရှေ ၁၄:၁-၂ တွင်ဖတ်ရသည့် နှုတ်ကပတ်တော်များမှာ_

> အိုဣသရေလ၊ သင်သည် ကိုယ်ပြုသောဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်းရှိသောကြောင့် သင်၏ဘုရားသခင် ထာဝရဘုရားထံတော်သို့ ပြန်လော့။ ပဌနာစကားကို ပြင်ဆင်၍ ထာဝရဘုရားထံတော်သို့ ပြန်လျက်၊ အကျွန်ုပ်တို့၌ ရှိသမျှသောအပြစ်တို့ကို ပယ်ရှင်းတော်မူပါ။ ကျေးဇူးပြု၍ လက်ခံတော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်နှုတ်ခမ်းတည်းဟူသော နွားသငယ်တို့ကို ပူဇော်ပါမည် (ဟောရှေ ၁၄:၁-၂)။

ဟောရှေသည် သူ၏စာဖတ်သူများအား ကြိုးစားအားထုတ်ပြီး ဘုရားသခင်၏ကောင်းချီးမင်္ဂလာများရရှိရန် မပြောခဲ့ကြောင်းကိုသတိပြုပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ကောင်းချီးမင်္ဂလာများသည်သာ ဘုရားသခင်ထံမှကရုဏာတော်ကို ဆောင်ကြဉ်းပေးကြောင်းကို ဣသရေလလူမျိုးမှသစ္စာရှိသူများသည် သိကြသည်။ သူတို့သည် ခွင့်လွှတ်ခြင်းကို ပဋိညာဉ်ကောင်းချီးမင်္ဂလာအဖြစ် ရှာဖွေခဲ့ကြသည်—လူ့အရည်အချင်းမဟုတ်ပါ။

## အတိုင်းအတာများ

ပဋိညာဉ်ကောင်းချီးမင်္ဂလာများကို ထိန်းချုပ်သည့် ဒုတိယနိယာမတွင် ၎င်းတို့သည် အတိုင်းအတာအမျိုးမျိုးဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ စီရင်ခြင်းများသည် အတိုင်းအတာများနှင့်ရောက်လာသကဲ့သို့၊ ကျွန်ုပ်တို့သည် နည်းပါးသော၊ သာ၍ကြီးမားသော ကောင်းချီးမင်္ဂလာများအကြောင်း ပြောနိုင်ပါသည်။ အတိုင်းအတာ၏အောက်ခြေတွင်၊ ဓမ္မဟောင်းပရောဖက်များသည် ဘုရားသခင်ထံမှ သေးငယ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သောကရုဏာအကြောင်း ပြောဆိုကြသည်။ ဥပမာ၊ ဟေရှာယသည် ဟေဇကိမင်းအား ဖျား၍သေမည်ဟု ပြောသကဲ့သို့၊ ဘုရားသခင်သည် သူ့အား အသက်ရှင်ခွင့်ပေးမည်ဟု ပြောကြားသောအခါတွင်လည်း ကောင်းချီးမင်္ဂလာတစ်ခုကို မိန့်တော်မူခဲ့သည်။ ဟေရှာယ ၃၈:၅ တွင် ဘုရားသခင်က ဤသို့ဆိုသည်_

> သင်သည် ဟေဇကိမင်းထံသို့ သွားပြီးလျှင်၊ သင့်အဘ ဒါဝိဒ်၏ ဘုရားသခင်ထာဝရဘုရား မိန့်တော် မူသည်ကား၊ သင်၏ပဌနာစကားကို ငါကြားပြီ။ သင်၏မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏အသက်၌ တဆယ်ငါးနှစ်ကို ငါဆက်၍ပေးမည် (ဟေရှာယ ၃၈:၅)။

များစွာသောပရောဖက်ပြုချက်များသည် ဤပုဂ္ဂိုလ်ရေး သို့မဟုတ် တစ်ဦးချင်းဆိုင်ရာကောင်းချီး မင်္ဂလာများကို အာရုံစိုက်သည်။ သို့သော် အကြိမ်များစွာတွင်၊ ပရောဖက်များသည် ဘုရားသခင်သည် မိမိ၏လူမျိုးထံပေးမည့် ကြီးမြတ်သည့်ကောင်းချီးမင်္ဂလာများကိုလည်း အာရုံစိုက်ခဲ့ကြသည်။ ဥပမာ၊ ၇၀၁ တွင်အာရှုရိလူတို့သည် ယုဒပြည်ကိုတိုက်ခိုက်ပြီး ယေရုရှလင်မြို့တံခါးများသို့ ရောက်ခဲ့ကြသည်။ ဟေရှာယ ၃၇:၃၄-၃၅ တွင်၊ ဘုရားသခင်သည် လူတို့ကို ဤကြီးစွာသောရှုံးနိမ့်ခြင်းမှ ကယ်နုတ်မည်ဟု ပရောဖက်သည် ရှင်းလင်းစွာကြေညာခဲ့သည်_

> လာသောလမ်းဖြင့် ပြန်သွားရမည်။ ဤမြို့ထဲသို့ မဝင်ရ။ ငါသည် ကိုယ်မျက်နှာကိုငှဲ၊ ငါ့ကျွန်ဒါဝိဒ်၏မျက်နှာကိုငှဲ ထောက်၍၊ ဤမြို့ကိုကယ်တင်ခြင်းငှါ စောင့်မမည်ဟုထာဝရဘုရား မိန့်တော်မူ၏ (ဟေရှာယ ၃၇:၃၄-၃၅)။

ဤသည်မှာ ဘုရားသခင်၏လူများအတွက် ကြီးစွာသောကောင်းချီးမင်္ဂလာတစ်ခုဖြစ်သည်။ အကြောင်းမှာ သူတို့၏တည်ရှိမှုသည် ခြိမ်းခြောက်ခံနေရပြီး ဘုရားသခင်သည် သူတို့အား စစ်ပွဲတွင် အောင်မြင်ခြင်းကောင်းချီးမင်္ဂလာကိုပေးမည်ဟု မိန့်တော်မူခဲ့သည်။ ဓမ္မဟောင်းပရောဖက်များကို ကျွန်ုပ်တို့ဖတ်ရှုသည့်အခါ၊ ဘုရားသခင်သည် မိမိ၏ပဋိညာဉ်လူတို့အား ကြေညာထားသည့် သေးငယ်သော၊ သာ၍ကြီးသော ကောင်းချီးမင်္ဂလာများအကြောင်းကို အမြဲသတိရှိရပါမည်။

## အထွတ်အထိပ်

ဘုရားသခင်၏ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာအတိုင်းအတာများအပြင်၊ တတိယနိယာမ သည် ပဋိညာဉ်ကောင်းချီးမင်္ဂလာများကို အုပ်စိုးသည်—အကြွင်းအကျန်များ၏ပြန်လည်ထူထောင်ခြင်း ဆိုင်ရာ အထွတ်အထိပ်ဖြစ်သည်။ တရားစီရင်ခြင်းသည် မည်မျှပင်ကြီးစွာကျရောက်ပါစေ၊ ကြွင်းကျန်သူ များ အစဉ်အမြဲရှိမည်ဟု ဓမ္မဟောင်းပရောဖက်များကယုံကြည်ခဲ့ကြသည်။ ယခု၊ ဤအကြွင်းအကျန် သည် လူများ၏တုံ့ပြန်ပုံပေါ်မူတည်၍ အလွန်ကြီးမားနိုင်သည် သို့မဟုတ် အလွန်နည်းပါးနိုင်သည်။ သို့သော် ဘုရားသခင်သည်အကြွင်းအကျန်များကို လုံခြုံစေမည်ဖြစ်ပြီး၊ ထိုအကြွင်းအကျန်များအပေါ် တည်ဆောက်မည်ဟု ပရောဖက်များကအမြဲပြောခဲ့သည်။ ဥပမာ၊ ယေရုရှလင်မြို့ကို ရှင်းရှင်းဖျက်ဆီးပစ်

မည်ဟု ယေရမိပြောခဲ့သော်လည်း၊ ယေရမိ ၅:၁၈ တွင်အကြွင်းအကျန်များ ရှင်သန်နေမည့်အကြောင်းကို အာမခံထားသည်_

> သို့ရာတွင်၊ ထိုကာလ၌ ငါသည် သင်၏အမှုကို မဆုံးဖြတ်သေးဟု ထာဝရဘုရားမိန့်တော်မူ၏ (ယေရမိ ၅:၁၈)။

အကြွင်းအကျန်များ၏ရှင်သန်မှုသည် အရေးကြီးသည်၊ အကြောင်းမှာ အကြွင်းအကျန်တစ်ဦးမှ တစ်ဆင့် ဘုရားသခင်သည် သူ၏လူများအတွက် အကြီးမြတ်ဆုံးကောင်းချီးမင်္ဂလာကို ယူဆောင်လာမည်ဟု ကတိပြုထားသောကြောင့်ဖြစ်သည်။

အဆိုးဆုံးပဋိညာဉ်ကျိန်ခြင်းမှာ တိုင်းပြည်မှနှင်ထုတ်ခံရခြင်းဖြစ်သည်ကို ဝတ်ပြုရာကျမ်း ၂၆ တွင်ကျွန်ုပ်တို့မြင်ပြီးဖြစ်သည်။ ဝတ်ပြုရာ ၂၆း၄၀-၄၅ ၊ တရားဟောရာ ၄ နှင့် ၃၀ တွင် ဘုရားသခင်သည် အကြွင်းအကျန်များကို ထိန်းသိမ်းစောင့်ရှောက်ကာ၊ ထိုအကြွင်းအကျန်များကို တိုင်းပြည်သို့ပြန်ပို့ပြီး၊ သူတို့ကို ယခင်ကထက် ပို၍ကောင်းချီးမင်္ဂလာပေးမည်ဟု ကတိပြုခဲ့သည်။ တရားဟောရာ ၃၀:၄-၅ တွင် မောရှေ မိန့်ဆိုပုံကို နားထောင်ပါ_

> သင်၏လူအချို့တို့သည် မိုးကောင်းကင်အောက် အဝေးဆုံးသောအရပ်သို့ နှင်ထုတ်ခြင်းကို ခံရသော်လည်း၊ ထိုအရပ်မှ သင်၏ဘုရားသခင်ထာဝရဘုရား သိမ်းယူဆောင်ခဲ့တော်မူလိမ့်မည်။ ဘိုးဘေးတို့ ဝင်စားသောပြည်သို့ တဖန်ဆောင်ခဲ့တော်မူသဖြင့်၊ သင်သည်ဝင်စားရလိမ့်မည်။ ထိုအခါ ကျေးဇူးပြုတော်မူပြန်သဖြင့်၊ ဘိုးဘေးများတို့ထက် သင့်ကို သာ၍များစေတော်မူလိမ့်မည် (တရားဟောရာ ၃၀:၄-၅)။

အကြွင်းအကျန်ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဤအကြောင်းအရာသည် ပရောဖက်များ တစ်လျှောက်တွင် ပေါ်လွင်နေသည်။ ဥပမာ၊ ကျွန်ခံပြီးနောက် သူ၏အကြွင်းအကျန်များကို ဘုရားသခင် သည်ကြီးစွာသော သဘာဝတရားဆိုင်ရာ ကောင်းချီးမင်္ဂလာများပေးမည်ဟု ယေရမိသွန်သင်ခဲ့သည်။ ယေရမိ ၂၃:၃ တွင်၊ ယေရမိသည် ဘုရားသခင်ထံမှ ဤနှုတ်ကပတ်တော်များကို ဖော်ပြခဲ့သည်_

> တဖန်မိန့်တော်မူသည်ကား၊ ငါ၏သိုးစုကို ငါနှင်ထုတ်သော ပြည်ရှိသမျှတို့၌ ကျန်ကြွင်းသော သိုး တို့ကို ငါစုဝေး၍၊ နေရင်းသိုးခြံသို့ တဖန်ငါဆောင်ခဲ့ ဦးမည်။ သူတို့သည်လည်း၊ သားဘွား၍ များပြားကြလိမ့် မည် (ယေရမိ ၂၃:၃)။

အလားတူပင်၊ ကျွန်ခံပြီးနောက်၊ အကြွင်းအကျန်များသည်လည်း စစ်ပွဲတွင် ကြီးစွာသော ကောင်းချီးမင်္ဂလာများ ရရှိကြမည်ဖြစ်သည်။ ဘုရားသခင်၏လူများ ပြန်လာသောအခါ၊ ဤအကြွင်းအ ကျန်သည် ကြီးစွာသောအောင်ပွဲနှင့် တည်တံ့သောငြိမ်သက်ခြင်းကို တွေ့ကြုံခံစားရမည်ဟု ပရောဖက် ယောလသွန်သင်ခဲ့သည်။ ယောလ ၃:၉ တွင်၊ ဤနှုတ်ကပတ်တော်များကို ကျွန်ုပ်တို့ တွေ့ရသည်_

ဤအမှုကို တပါးအမျိုးသားတို့အား ကြားပြောကြလော့။
စစ်တိုက်ခြင်းငှာပြင်ဆင်၍ စစ်သူရဲတို့ကို နှိုးဆော်ကြလော့။
စစ်သူရဲအပေါင်းတို့သည် ချဉ်းကပ်၍တက်လာကြစေ (ယောလ ၃:၉)။

သို့သော် ၃း၁၇ တွင်ဣသရေလ၏အောင်ပွဲအကြောင်း ဖတ်ရသည်_

ငါသည်လည်း ငါ၏သန့်ရှင်းသော ဇိအုန်တောင်ပေါ်မှာနေသော
သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။
ယေရုရှလင်မြို့သည်လည်း သန့်ရှင်းလိမ့်မည်။ နောက်တဖန်ထိုမြို့ကို
တပါးအမျိုးသားမနင်းရ (ယောလ ၃:၁၇)။

ယောလသည် ဣသရေလလူမျိုးကို ထာဝစဉ်လုံခြုံမှုရှိစေမည့် ကြီးစွာသောအောင်ပွဲအကြောင်း ပြောခဲ့သည်။

ဓမ္မဟောင်းပရောဖက်များအားလုံးသည် ဘုရားသခင်၏လူအကြွင်းအကျန်များ ပြန်လည်ထူထောင်ခြင်းကို စောင့်မျှော်ခဲ့ကြသည်။ ကျွန်ခံခြင်းခံရသော်လည်း အကြွင်းအကျန်များသည် ပြန်လည်ထူထောင်ခြင်း၏အကြီးမြတ်ဆုံးသောကောင်းချီးမင်္ဂလာကို ရရှိမည်ဖြစ်ကြောင်း ဘုရားသခင်ကတိပြုခဲ့သည်။

# နိဂုံး

ဤသင်ခန်းစာတွင် ပရောဖက်များသည် ပဋိညာဉ်မောင်းနှင်အားများကို မည်သို့နားလည်ကြောင်းနှင့် အဓိကအကြောင်းအရာသုံးခုကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည်_ ပထမအချက်၊ ဘုရားသခင်၏ကရုဏာနှင့် လူ့တာဝန်၏စံနှုန်းများဖြစ်သည်။ ထို့နောက်တွင် ပရောဖက်များသည် တစ်ဦးချင်းအဆင့်မှနေ၍ တစ်မျိုးသားလုံးဆိုင်ရာ ကျွန်ခံခြင်းအထိ တရားစီရင်ခြင်းနှင့်ပတ်သက်၍ မည်သို့သတိပေးခဲ့ကြသည်ကိုလည်း ကျွန်ုပ်တို့တွေ့မြင်ပါသည်။ နောက်ဆုံးတွင်၊ ဘုရားသခင်သည် သူ၏လူများကို သေးငယ်သောနည်းများဖြင့်ရွေးနုတ်ပြီး၊ အကြွင်းအကျန်မှတစ်ဆင့် ကျွန်ခံရပြီးနောက် ကြီးကျယ်ခမ်းနားသောပြန်လည်ထူထောင်မှုကို ယူဆောင်လာမည်ဖြစ်ကြောင်းကိုလည်း တွေ့မြင်ရသည်။ ဤအကြောင်းအရာများ၊ ဤမောင်းနှင်အားများသည် ဓမ္မဟောင်းပရောဖက်များကို ၎င်းတို့ပြောသမျှ၌လမ်းညွှန်ပေးခဲ့ပြီး၊ ဓမ္မဟောင်းပရောဖက်များကို ကျွန်ုပ်တို့လေ့လာသည့်အခါ ဤအကြောင်းအရာများသည် ကျွန်ုပ်တို့ကိုလည်း လမ်းညွှန်ပေးမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။